# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်( ၀၃၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်အသင်းများအလိုက် မီးပုံးပျံများ လွှတ်တင်ပူဇော်ကြစဉ်။

# ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

**၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။**

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူးတွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## ယနေ့ *သတင်းအညွှန်း*


"ရ" ရထားကြီး ပျော်ပျော်စီး — ဆောင်းပါး — စာ ၁၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ မန္တလေးမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်နေရာများနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့၌ ကြည့်ရှုလေ့လာ — ပြည်တွင်းသတင်း — စာ ၁၃

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် စည်ကားများပြားလျက်ရှိ — ပြည်တွင်းသတင်း — စာ ၂၂

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

◆ *ရွှေဖုံးမှ*

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မီးပုံးပျံလွှတ်တင်ရေး ပြိုင်ပွဲဝင်အဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

**လှိုက်လှဲနွေးထွေးစွာကြိုဆို**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့် နေရာသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ၊ အနုပညာရှင်များက မြန်မာ့ရိုးရာမီးပုံးငယ်များကို ကိုင်ဆောင်၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံငယ်များကို တစ်ပြိုင်နက် လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြရာ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေး

*စာမျက်နှာ ၄ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တိုင်းရင်းသား တိုင်းရင်းသူများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကြစဉ်။

*စာမျက်နှာ ၃ မှ*
နှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ကြမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများအားလိုက်လံနှုတ်ဆက်ကြရာ ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ညမီးကြီး မီးပုံးပျံများနှင့် စိန်နားပန် မီးပုံးပျံများအား ပြိုင်ပွဲဝင်အသင်းများအလိုက် အသီးသီး လွှတ်တင်ပူဇော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြပြီး လာရောက်အားပေးကြသည့် မိဘပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ဖျော်ဖြေတင်ဆက်**

ထိုကဲ့သို့ မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များကလည်း ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

**ထွန်းညှိပူဇော်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆီမီးများကို အတူတကွ ထွန်းညှိပူဇော်ကြသည်။

**လှည့်လည်ဖူးမြော်ကြည်ညို**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး သဒ္ဓါမိပတိခေါင်းလောင်းတော်ကြီးအား ထိုးခတ်ပူဇော်ကာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။



၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ လာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများအား တွေ့ရစဉ်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူး

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်စဉ်။

❖ **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးသွေးကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် တင်ဆက်သွားမည် . . .**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ပြိုင်ပွဲဝင်အသင်းများအလိုက် မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြစဉ်။

စာမျက်နှာ ၄ မှ
မီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးသွေကြာသင်္ကန်း ရက်လုပ်ကပ်လှူ ပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန် ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာ မုန့်ဆိုင်များ ခင်းကျင်းပြသ ရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲများဖြင့် တင်ဆက် သွားမည်ဖြစ်ပြီး စည်ကား သိုက်မြိုက်စွာ စီစဉ်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း စည်ကား သိုက်မြိုက်စွာ ကျင်းပပေးခဲ့ရာ ယခုနှစ်တွင်လည်း ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက် ရှိပြီး အဆိုပါပြည်သူများ ဘုရားဖူးမြော်လာရောက်စဉ် စိတ်အပန်းဖြေပျော်ရွှင်မှုရှိစေရေးနှင့် လေ့လာဝယ်ယူနိုင်ရေးအတွက် MSME ထုတ်ကုန်ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များစသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော် အပါအဝင် ဖျော်ဖြေရေးအစီအစဉ်ကောင်းများဖြင့် တန်ဆောင်တိုင်ပွဲတော်ကို ကျင်းပပေးခြင်းဖြစ်ရာ ပြည်သူများ တပျော်တပါး တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ပွဲတော်သို့လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများအား သက်ဆိုင်ရာ ပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ဒေသအလိုက် ရိုးရာအစားအစာများ၊ ယဉ်ကျေးမှုများ၊ MSME ထုတ်ကုန်များအကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ဘုရားဖူးလာပြည်သူများက စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော်၌ ပြည်သူများ တပျော်တပါး တစ်ခဲနက် ပါဝင်ဆင်နွှဲကြစဉ်။

## ကြိတ်ကြိတ်တိုး ဝယ်ယူ

ထို့ပြင် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ၊ One Region One Product ထုတ်ကုန်ပစ္စည်းပြခန်းများ၊ EV ကားနှင့် မော်တော်ဆိုင်ကယ်အရောင်းပြခန်းများ၊ ရခိုင်ရိုးရာနှင့် ရှမ်းရိုးရာအစားအစာအရောင်းဆိုင်ခန်းများ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ စားသောက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ အိမ်တွင်းလက်မှုအနုပညာအရောင်းပြခန်း၊ ရိုးရာအဝတ်အထည်များနှင့် မြန်မာ့ရိုးရာအစားအစာအရောင်းဆိုင်များဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက်မြန်မာ့ရိုးရာ မုန့်ဆိုင်များ၌လည်း မြန်မာမုန့်များအား နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူအားပေးကြသည့် မြင်ကွင်းကိုလည်း ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

ထို့အတူ ပွဲတော်လာပြည်သူများ အတီး၊ အမှုတ်၊ အက၊ အခုန်၊ ဆိုင်းသံ၊ ဗုံသံ စုံလင်စွာ လွှမ်းခြုံထားသည့် မြန်မာ့ဇာတ်သဘင်အနုပညာကို ခံစားနိုင်စေရန်အတွက် နိုင်ငံကျော် ဇာတ်မင်းသားဖိုးချစ် ဇာတ်ပွဲသဘင်ကိုလည်း ထည့်သွင်းဖျော်ဖြေပေးခဲ့ရာ ပြည်သူများ ကြိတ်ကြိတ်တိုး ကြည့်ရှုအားပေးကြသည်။

## ကပြတင်ဆက်မည်

အဆိုပါ ဖိုးချစ်ဇာတ်ပွဲသဘင်တွင် ခေတ်မီသည့် စင်မြင့်အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များတွဲဖက်၍ ထူးချွန်ပြောင်မြောက်လှသည့် မင်းသား၊ မင်းသမီးများ၏ အဆို၊ အပြောနှင့် နှစ်ပါးသွား အကခန်း၊ အော်ပရာနှင့် စင်တင်ပြဇာတ်ကြီးများ၊ လူရွှင်တော်များ၏ စိတ်နှလုံးပျော်ရွှင်ဖွယ် ဟာသပြက်လုံးများနှင့် ဟာသတစ်ခန်းရပ်များ၊ ဇာတ်သဘင်ကို အဓိကပံ့ပိုးပေးနေသည့် ဆိုင်းဝိုင်းကြီးများ၏ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်မှုများကြောင့် ဇာတ်ပွဲကြီး၏ အနှစ်သာရကို ပိုမိုပေါ်လွင်စေခဲ့ပြီး အနုသုခုမကို စိတ်ဝင်စား၍ လာရောက်အားပေးကြည့်ရှုကြသည့် ပြည်သူများအနေဖြင့်လည်း စိတ်ကျေနပ်မှု အပြည့်အဝရရှိခဲ့ကြကာ အဆိုပါ ဇာတ်သဘင်ကို တန်ဆောင်တိုင်ကာလအတွင်း ညစဉ် ကပြတင်ဆက်သွားမည်ဖြစ်သည်။

ထို့ပြင် ပွဲတော်လာပြည်သူများ ခေတ်ပေါ်တေးဂီတကို ခံစားနားဆင်နိုင်စေရန်အတွက်လည်း ခေတ်ပေါ်တေးဂီတ(စတိတ်ရှိုး) ဖျော်ဖြေရေးအစီအစဉ်အဖြစ် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဖော်ဝေး၊ ဂျိုးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုး စသည့် နာမည်ကြီးအဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့် တွဲဖက်၍ လူကြိုက်များလှသည့် တေးသီချင်းများဖြင့် အလှည့်ကျဖျော်ဖြေသီဆိုပေးကြရာ ပျော်ရွှင်တက်ကြွစွာ လာရောက်နားဆင်ခံစားကြသည့် ပြည်သူများဖြင့်လည်း အထူးစည်ကားခဲ့သည်။

ထို့ပြင် ဘုရားဖူးလာ ကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီးကား စသည့် ကလေးကစားနည်းများ စုံစုံလင်လင်ထည့်သွင်းထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များ၏ ချစ်စဖွယ် ပုံရိပ်များကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို တန်ဆောင်တိုင်ပွဲတော်ကာလဖြစ်သည့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးကို ဆင်နွှဲကုသိုလ်ယူရင်း ဈေးရောင်းပွဲတော်ကြီးနှင့် ဖျော်ဖြေရေးအစီအစဉ်များသို့လည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

**သတင်း-ခေတ်လူငယ်**
**ဓာတ်ပုံ-ဖိုးပြည့်စုံ၊ သီဟ**

## မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲ နှင့် မီးပုံးပျံလွှတ်တင် ပူဇော်ပွဲသို့ လာရောက်သူများဖြင့် အထူးစည်ကား
















စိန်နားပန်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းများက အောင်မြင်စွာ လွှတ်တင်နေမှုကို တွေ့ရစဉ်။



စိန်နားပန်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများက အောင်မြင်စွာ လွှတ်တင်နေမှုကို တွေ့ရစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော် စတင်ကျင်းပ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကုသိုလ်ယူတစ်ခဲနက် ပါဝင်ဆင်နွှဲ

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ယနေ့ ညနေပိုင်းမှစတင်၍ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကုသိုလ်ယူတစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

**ကြည်နူးဖွယ်ရာတွေ့မြင်ရ**

ယနေ့သည် တန်ဆောင်တိုင်ပွဲတော်ကြီး၏ ပထမဆုံးရက်ဖြစ်သော်လည်း ဘုရားမုခ်ဦးအပြင် ကားရပ်နားဝင်းနေရာများ၌ နေပြည်တော်ဒေသခံများ အပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ များပြားလျက်ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်အထွက်လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးကာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း မီးထွန်းပွဲတော်ကြီး၌ တပျော်တပါး ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို ကြည်နူးဖွယ်ရာတွေ့မြင်ရသည်။




စိန်နားပန်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများက လွှတ်တင်နေမှုကို တွေ့ရစဉ်။



စိန်နားပန်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ အောင်မြင်စွာလွှတ်တင်နိုင်မှုကို တွေ့ရစဉ်။

**လမ်းညွှန်ပြသပေး**

ထို့ပြင် တာဝန်ရှိသူများက တန်ဆောင်တိုင်ပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင် ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေး လွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျပို့ဆောင်ပေးကြကာ ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာများ၊ ဈေးပွဲတော်နေရာများနှင့် အခြားသွားရောက်လေ့လာနိုင်မည့် နေရာများကိုလည်း အလွယ်တကူသွားရောက်နိုင်ရေးအတွက် လမ်းညွှန်ပြသပေးကြသည်။

*စာမျက်နှာ ၈ သို့*



ညမီးကြီးမီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် ကာကွယ်ရေးဝန်ကြီးဌာနမှအောင်မြင်စွာ လွှတ်တင်နိုင်မှုကို တွေ့ရစဉ်။



ညမီးကြီးမီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများက လွှတ်တင်နေမှုကို တွေ့ရစဉ်။



စိန်နားပန်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများက အောင်မြင်စွာ လွှတ်တင်နေမှုကို တွေ့ရစဉ်။




ညမီးကြီးမီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် ပြန်ကြားရေးဝန်ကြီးဌာနမှဝန်ထမ်းများက ပျော်ရွှင်စွာ လွှတ်တင်နေမှုကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းကို တိုင်းရင်းသားပြည်သူများ ပျော်ရွှင်စွာဆင်နွှဲနေမှုကို တွေ့ရစဉ်။



ညမီးကြီးမီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက အောင်မြင်စွာ လွှတ်တင်နိုင်မှုကို တွေ့ရစဉ်။

*စာမျက်နှာ ၇ မှ*

ထို့နောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးထွန်းညှိကပ်လှူပူဇော်ခြင်း၊ LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တရားဓမ္မအသံများဖြင့် ထုံးမွှမ်းလျက်ရှိသည်။

ပွဲတော်ကြီး၏ အနှစ်သာရဖြစ်သည့် မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်စောင့်ဆိုင်းရောက်ရှိနေကြပြီး မီးပုံးပျံအောင်မြင်စွာ လွှတ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့်အချိန်တွင် တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံအသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့အောင်မြင်စွာ လွှတ်တင်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများ၏ ကြည်နူးပီတိလက်ခုပ်သံများဖြင့် နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည့်အပြင် တေးသံရှင်များ၏ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများ သီဆိုဖျော်ဖြေမှုကြောင့်လည်း ပွဲတော်ကြီးကို ပိုမိုပြည့်စုံစေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့က အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြသည်။

အလားတူ ညမီးကြီးမီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့က မီးပုံးပျံများ အောင်မြင်စွာ လွှတ်တင်နိုင်မှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာအသီးသီး၌ မီးပုံးပျံငယ်များကို ပြိုင်တူလွှတ်တင်ခြင်းကြောင့် ကောင်းကင်ယံတွင် စိန်နားပန်နှင့် ညမီးကြီးမီးပုံးပျံကြီးများ၏အလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

ထိုသို့ယှဉ်ပြိုင်နေစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း ရှမ်းရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်တီးခတ်မှုများ၊ သံချပ်တီးလုံးများ၊ မြန်မာ့ရိုးရာဆင်အကများ၊ ဆီမီးခွက်ကိုင်ဆောင်ပူဇော်ခြင်းများနှင့်အတူ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသံသာများကြောင့်လည်း တန်ဆောင်တိုင်ညအလှကို ပိုမိုအသက်ဝင်စေခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင် တစ်ကြိမ်သာကြုံတွေ့ရမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့်ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ခဲ့ကြသည်။

ဆက်လက်၍ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိသာသနဝ္ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည့်ဘုရားဖူးလာပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌ မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်ည၏ အလှနှင့်ရသကို အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

**သတင်း – မျိုးဆက်သစ်**

**ဓာတ်ပုံ – ဖိုးပြည့်စုံ၊ သီဟ**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၅၅ ရက် သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတက်ရောက် ဆုချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂

**၂၀၂၄-၂၀၂၅ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပသည်။**

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲပြိုင်ပွဲတွင် ပုသိမ်ဇုန်အသင်းနှင့် မော်လမြိုင်ဇုန်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပွဲပြီးသည်အထိ ဂိုးမရှိသရေကျသဖြင့် အချိန်ပိုနှင့် ပင်နယ်တီ အဆုံးအဖြတ်ဖြင့် ပုသိမ်ဇုန်အသင်းက မော်လမြိုင်ဇုန်အသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက နေရာအလိုက် အကောင်းဆုံး (အမျိုးသမီး၊ အမျိုးသား) အားကစားသမားဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်း ဆုံး အားကစားသမားဆုများကို လည်းကောင်း၊ တတိယဆုရ မော်လမြိုင်ဇုန်(အမျိုးသမီး)အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆု ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ တတိယဆုရ ရန်ကုန်ဇုန် (အမျိုးသား)အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ဒုတိယဆုရ နေပြည်တော်ဇုန် (အမျိုးသမီး)အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ဒုတိယဆုရ မော်လမြိုင်ဇုန် (အမျိုးသား)အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ဒုတိယဆုရ နေပြည်တော်ဇုန် (အမျိုးသမီး) အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ဒုတိယဆုရ မော်လမြိုင်ဇုန် (အမျိုးသား) အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပထမဆုရရှိသော ပုသိမ်ဇုန် (အမျိုးသမီး) အသင်းကို တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေကျပ်သိန်း ၅၀ နှင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ပထမဆုရ ပုသိမ်ဇုန် (အမျိုးသား)အသင်းကို တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေကျပ်သိန်း ၅၀ နှင့် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း **(အပေါ်ပုံ)**၊ ဒိုင်လူကြီးများအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ရှိ ငန်းတေးဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက Smoke Ball ရိုက်၍ ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဝင် အားကစားသမား၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ထံ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်တရလက်ဆောင် ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမားဆုရရှိကြသူများ၊ ရိုက်ချက်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဆုများ ပေးအပ်ကြသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာ မူလတန်းနှင့် (ပြည်နယ်အဆင့်) အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဖွင့်ပွဲကို မော်လမြိုင်မြို့ အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်း ယင်းမာခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် (Grade 5) ကျောင်းသူကျောင်းသားများ၏ အင်္ဂလိပ်စာစွမ်းရည်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# "ရ" ရထားကြီး ပျော်ပျော်စီး

**စည်သူကျော်**

နယ်မြို့လေး၌ မွေးဖွားကြီးပြင်းခဲ့သော စာရေးသူ ကလေးဘဝကတည်းက ရင်းနှီးခဲ့သည့် သယ်ယူပို့ဆောင်ရေးပုံစံမှာ ရထားပင်ဖြစ်သည်။ ဥပြသံပေးကာ အားမာန်အပြည့်ဖြင့် တရှူးထိုးမောင်းနှင်သွားသော ရထား၏ပုံစံသည် ကလေးအရွယ် စာရေးသူတို့ သူငယ်ချင်းတစ်သိုက်အား ခွန်အားတစ်ရပ်ကို ပေးစွမ်းသည်ဟု ထင်မိသည်။

ရထားကြီး ဖြတ်သွားတိုင်း တက်ကြွပျော်ရွှင်သော စိတ်ခံစားမှုအရသာကို ရရှိခဲ့သည်။ မူလတန်းကျောင်းသားဘဝ သူငယ်တန်းဖတ်စာအုပ်တွင် ပါဝင်သည့် "ရ" ရထားကြီး ပျော်ပျော်စီးဟူသော ဖတ်စာကို ကျယ်ကျယ်လောင်လောင် အော်ဖတ်တတ်သည့် အရွယ်ကတည်းကပင် ရထားဟူသော ဝေါဟာရ စကားလုံးကို ရင်းနှီးခဲ့သည်။



**လွမ်းမောတသဖွယ် ရသကို ခံစားလာရ**

ရထားဆိုသည်မှာ ပျော်ရွှင်ဖွယ်ရာ ကောင်းသော စီးနင်းစရာဟု မှတ်သားခဲ့သည်။ တအိအိ မောင်းနှင်နေသော စပါးတင်သည့် နွားလှည်းများကို လှည်းလမ်းကြောင်းဘေး ရထားလမ်းပေါ်မှ အရှိန်ဖြင့် ကျော်လွန်ဖြတ်သန်းသွားသော ရထားကြီး၏ အမြန်နှုန်းကို ငေးကြည့်ရင်း လက်ခုပ်လက်ဝါးတီးကာ အုံးပြပျော်ရွှင်ခဲ့ရဖူးသည်။ အရွယ်လေး နည်းနည်းရလာတော့ နေဝင်ချိန်အဝေးတစ်နေရာမှ လယ်ကွင်းများကို ဖြတ်သန်းသွားသော ရထားကြီးကို ငေးကြည့်ရင်းမှ လွမ်းမောတသဖွယ် ရသကို ခံစားလာရသည်။ ရသမျိုးစုံပေးစွမ်းနိုင်သော ရထား ပါတကား။

ထို့နောက်တွင်ကား မဟာရန်ကုန်မြို့တော်ကြီးသို့ နယ်မြို့လေးမှ ပညာရင်နို့သောက်စို့ရန် ရထားတည်းဟူသော မိတ်ဆွေကြီးကို စီးနင်းကာ ထွက်ခွာလာခဲ့သည်။ ပထမဆုံးအကြိမ် ခရီးရှည်ကို ရထားစီး၍ ထွက်ခွာခြင်းပါပေ။ ရထားပေါ်၌ နီးစပ်ရာ စကားဝိုင်းဖွဲ့၊ စားစရာများဝေငှ၊ ပျော်ရွှင်ဖွယ်ရာကောင်းသော ခရီးတစ်ခုဖြစ်ခဲ့သည်ကို အမှတ်ရနေမိပါသည်။ ရန်ကုန်မြို့တွင် မိမိနေထိုင်ရာနေရာသည် ကြည့်မြင်တိုင်ဘူတာနှင့် နီးသဖြင့် ရထားများကို နေ့စဉ်တွေ့မြင်နေရသဖြင့် နေရပ်ကို လွမ်းမိသလို အလွမ်းလည်းပြေရသည်။ ခုံးကျော်တံတားပေါ်မှ လျှောက်သွားစဉ် အောက်မှ ရထားကြီးဖြတ်သွားသည်နှင့် ကြုံကြိုက်ပါက ကလေးငယ်အလား စိတ်လှုပ်ရှားပျော်ရွှင်မှုကို ခံစားရဆဲ။ မိမိသွားလိုသည့် ခရီးရှိပါကလည်း ရထားကိုသာ ဦးစားပေး စီးနင်းဖြစ်ခဲ့သည်။

အကယ်စင်စစ် ရထားပို့ဆောင်ရေးစနစ်ဟူသည် သားရှေ့အိုးထမ်းလာသော ကိန်းဖြစ်သည်ဟုဆိုသော် လွန်အံ့မထင်။ ရထားပို့ဆောင်ရေးက လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို များစွာလျှော့ပါးသက်သာစေသော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ဖြစ်ပါသည်။ တူညီသော ကုန်စည်ပမာဏနှင့်ခရီးအကွာအဝေးကို သယ်ယူပို့ဆောင်ရာ၌ ရထားက မော်တော်ကားများနှင့် နှိုင်းစာလျှင် ကုန်ကျစရိတ် ပိုမိုသက်သာသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ခရီးသွားအများအပြားကို လွယ်လင့်တကူ သယ်ဆောင်သွားရောက်နိုင်သောကြောင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ခရီးနှောင့်နှေးမှုတို့ကို လျှော့နည်းစေသည်။ ရထားသည် သယ်ယူပို့ဆောင်မှုအများစုကို လမ်းမကြီးများ၊ မြို့တွင်းဆက်တံတားကြီးများမှ ရှောင်လွှဲသွားစေနိုင်ခြင်းကြောင့် မြို့ပြ၏ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းတံတားများ၏ ထိခိုက်ပျက်စီးမှုကို သက်သာစေသည်။

ရထားပို့ဆောင်ရေးကြောင့် လမ်းမကြီးများ တိုးချဲ့ရခြင်း၊ ခုံးကျော်တံတား အများအပြား တည်ဆောက်ရခြင်းတို့ လျှော့ပါးစေသောကြောင့် နိုင်ငံတော်၏ ဘတ်ဂျက်များ ချွေတာနိုင်သကဲ့သို့ မြေယာချဲ့ထွင် သုံးစွဲရမှုတို့ကို ကျဆင်းစေပါသည်။ ထို့ကြောင့် နိုင်ငံအများအပြားက ရထားလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်း ဖြစ်ပါသည်။ စီးနင်းသူများအတွက်လည်း သက်သောင့်သက်သာရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ဘေးအန္တရာယ် ကင်းရှင်းခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။ ယင်းအချက်များသည် ရထားပို့ဆောင်ရေး၏ အဓိက အားသာချက်များ ဖြစ်ပါသည်။

များမကြာသေးမီက ခရီးတို ခရီးရှည်များတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲလျက်ရှိကြောင်း သတင်းများတွင် တွေ့ရှိရသည်။ ထို့အပြင် ခရီးသွားမည့်သူများအကြား ရထားဖြင့်သွားကြမည်ဆိုသည့် ပြောသံများ ကြားရသည်။ ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေသူတစ်ဦးအဖို့ ပြည်တွင်းပြည်ပ ခရီးသွားများကို ခရီးစဉ်ဒေသများတွင် တွေ့ရခြင်းသည် ဝမ်းမြောက်ဖွယ်ဖြစ်သလို၊ ရထားချစ်သူ မိမိအတွက်လည်း ရထားသယ်ယူပို့ဆောင်ရေးအပေါ် စိတ်ဝင်တစား စီးနင်းလိုသူများ ခေတ်မီသော ရထားများ ပေါ်ပေါက်လာခြင်းက ဝမ်းမြောက်ဖွယ်ဖြစ်သည်။ အကယ်စင်စစ် ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် မြန်မာ့သယ်ယူပို့ဆောင်ရေးကဏ္ဍ၏ အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နှစ်ပေါင်း ၁၅၀ နီးပါး သက်တမ်းရှိသည့် သက်တမ်းရင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းများတွင် ရထားပို့ဆောင်ရေးလုပ်ငန်းကို အဓိကအားဖြင့် အမျိုးအစား သုံးမျိုး ခွဲခြားထားသည်ဟု မှတ်သားဖူးသည်။ ပထမအမျိုးအစားမှာ Passenger Train ဟုခေါ်သော ခရီးသည်တင်ရထားများ၊ Freight Train or Cargo Train ဟုခေါ်သော ကုန်တင်ရထားများ၊ Special Purpose Train ဟုခေါ်သော အပန်းဖြေခြင်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စစ်ဘက်ရေးရာကိစ္စရပ်များ ဆောင်ရွက်ခြင်းစသော သီးခြားအကြောင်းအရာများအတွက် အသုံးပြုသော ရထားများ ဖြစ်ကြပါသည်။

ရထားအမျိုးအစားများ ကွဲပြားသည့်နည်းတူ ရထားများပြေးဆွဲနိုင်ရန် အသုံးပြုသော အရင်းအမြစ် (Power Source) များလည်း ကွဲပြားခြားနားပါသည်။ Passenger Train ခရီးသည်တင်ရထားများ၊ Freight Train or Cargo Train ကုန်တင်ရထားများတွင်လည်း ခရီးသည်နှင့် ကုန်စည်ပေါ်မူတည်၍ ရထားပုံစံအမျိုးမျိုး ထပ်မံကွဲပြားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဆိုလိုချင်သည်မှာ လိုအပ်ချက်အပေါ်မူတည်၍ ရထားပို့ဆောင်ရေးလုပ်ငန်း အမျိုးအစားများစွာရှိသည်ကို တင်ပြလိုရင်းဖြစ်ပါသည်။

**လေထုညစ်ညမ်းမှုနှင့် အသံဆူညံမှုတို့ကို လျှော့ပါးစေ**

ရထားပို့ဆောင်ရေးလုပ်ငန်းသည် ခရီးသွားလုပ်ငန်းတွင် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများစွာရှိသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ရထားစီးနင်းခြင်း/အသုံးပြုခြင်းက စျေးနှုန်းသက်သာ၏။ ပညာရပ်ပိုင်းဆိုင်ရာအရ (Cost Effective) ဖြစ်သည်ဟုဆိုသော် ပိုမှန်၏။ ကုန်ကျစရိတ်ထက် ပိုမိုသော အကျိုးကျေးဇူးကို ရရှိစေသည်။ သယ်ယူပို့ဆောင်စရိတ်သက်သာခြင်းကြောင့် ကုန်စည်စျေးနှုန်းများ ကျဆင်းစေနိုင်သည်။ ရထားသည် လေထုညစ်ညမ်းမှုနှင့် အသံဆူညံမှုတို့ကို လျှော့ပါးစေသည်။ မြို့ပြများတွင် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် လေထုညစ်ညမ်းခြင်း၊ ကားဟွန်းသံ စက်သံများကြောင့် အသံဆူညံခြင်း၊ လိုရာခရီး အမြန်မရောက်ရှိနိုင်ခြင်း စသည့်ပြဿနာများသည် ရထားတွင် မရှိပေ။

မော်တော်ကားဖြင့် သွားလာခြင်းထက် ရထားဖြင့် ခရီးသွားခြင်းသည် ပိုမိုလုံခြုံစိတ်ချရသည်။ မတော်တဆဘေးအန္တရာယ်ဖြစ်ပွားမှု ပိုမိုလျော့နည်းသည်။ နိုင်ငံတကာတွင် ရထားဖြင့်ခရီးသွားခြင်းက ဘေးကင်းလုံခြုံမှုအပြင် အားထားစီးနင်းနိုင်သော ပို့ဆောင်ရေးစနစ်တစ်ခု ဖြစ်သည်။ ရထားသည် အချိန်မှန်၏။ နွေမိုးဆောင်း ဥတုသုံးပါးသွားလာနိုင်သည်။ ယာဉ်ကြောပိတ်ဆို့မှု မရှိ၊ တောက်လျှောက်သွားလာနိုင်သည်။ ထို့ကြောင့် ရထားခရီးသည် အားထားရသော ခရီးဖြစ်သည်။ ထို့အပြင် ရထားသည် ကျယ်ဝန်းသောနေရာရှိသည်။ မော်တော်ကားဖြင့် သွားလာခြင်းထက် ခြေဆန့်လက်ဆန့်ပိုရှိသည်။ အိပ်စင်ဖြင့်စီးနင်းပါက အိပ်ရင်းလိုက်ပါနိုင်သည်။

**အပြန်အလှန်လဲလှယ် စားသောက်ရင်း မိတ်ဆွေဖွဲ့နိုင်**

ယခင်က ပိုက်ဆံချွေတာသော ဘတ်ဂျက်တိုးရစ်များ (Budget Tourists) များသည် ဟိုတယ်ခချွေတာလိုသဖြင့် တစ်နေရာမှ တစ်နေရာသို့ ခရီးဆက်ရာတွင် ညရထားကို စီးနင်းကြသည်။ ခရီးရှည်များတွင် စားသောက်ခန်းပါသဖြင့် အစားအသောက်များမှာယူ စားသုံးနိုင်သည်။ လမ်းခရီးမှလည်း ဒေသစာများ ဝယ်ယူမြည်းစမ်းစားသုံးနိုင်သည်။ အိမ်အပြန်လက်ဆောင်ဝယ်နိုင်သည်။ ရေသန့်ဘူးများ မပေါ်ခင်က ရေကူသိုလ်ဆို၍ ရေအိုးကလေးများဖြင့် သချွေကြေးမှုကိုသာယူကာ သုံးရေ သောက်ရေလိုက်ပေးသော ရထားစီးယဉ်ကျေးမှု ကလေးသည် ယနေ့တိုင် မေ့မရသော ဘူတာစဉ်မှ ချစ်စဖွယ်ဓလေ့စရိုက်လေး ဖြစ်ပါသည်။ ထို့အပြင် ရထားပေါ်၌ ခရီးသွားများအချင်းချင်း မိမိတွင်ပါလာသော စားသောက်ဖွယ်ရာများ အပြန်အလှန်လဲလှယ် စားသောက်ရင်း မိတ်ဆွေဖွဲ့နိုင်သည်။ ခရီးသွားလုပ်ငန်းတွင် အဓိကကျသည်ဟု ပြောကြသော လူမှုဆက်ဆံရေး (Social Interaction) ကို မြန်မာနိုင်ငံရှိ ရထားများပေါ်တွင် တွေ့ရသည်။

ရထားဖြင့် ခရီးသွားခြင်း၏ အခြားထူးခြားသော အားသာချက်မှာ လမ်းခရီးတစ်လျှောက် ရှုမျှော်ခင်းများ ကြည့်ရှုရခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် သာယာလှပသော ရေမြေတောတောင် သဘာဝအလှအပများဖြင့် ပြည့်နှက်နေသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ရထားဖြင့် ခရီးသွားခြင်းသည် ယင်းသဘာဝအလှအပများကို အပြည့်အဝ ခံစားရစေမည်ဖြစ်ပါသည်။ ရထားလမ်းတစ်လျှောက် စိမ်းစိုသော လယ်ကွင်းများ၊ အဝေးဆီမှ အုံ့မှိုင်းနေသော တောင်စဉ်တောင်တန်းများ၊ ညနေဆည်းဆာ ကောင်းကင်ဝဋ္ဋာမှာ အိပ်တန်းပြန်နေသော ငှက်များ၊ နေညိုညိုတိမ်တောက်ချိန် ကျေးလက်ရှုခင်းများသည် ရထားစီးရင်း ကြည့်ရှုခံစားရသော မေ့မရသည့် ရှုခင်းများဖြစ်ပါသည်။ ကျယ်ပြောသော မြစ်ပြင်ကျယ်၏ တံတားပေါ်မှ တဝေါဝေါမြည်သံပေးကာ ဖြတ်သန်းသွားသော ရထားပေါ်မှ အရသာသည် စိတ်လှုပ်ရှား ကြည်နူးဖွယ်ကောင်းလှသည်။ ဘူတာသို့ အဝင်တွင် လာရောက်ကြိုဆိုနေသူကို အမောတကော ရှာဖွေနှုတ်ဆက်ရသည်မှာလည်း ရထားခရီးစဉ်များတွင် ခံစားရသော ရသတစ်မျိုးဖြစ်သည်။ ထို့ကြောင့် လွမ်းဆွတ်တမ်းတမှု သီချင်း၊ ကဗျာတို့တွင် ရထားဆိုသော နိမိတ်ပုံ တွေ့ရတတ်သည်။

ရထားက အမျိုးမျိုးသော ရသကို ပေး၏။ ရထားက အထူးထူးသောအကျိုးကျေးဇူးကို ရစေ၏။ ရထားကို ခရီးသွားတို့၏ မှတ်ဉာဏ်ထဲတွင် ရှိနေဆဲဖြစ်၏။ ငယ်စဉ် တောင်ကျေးကလေးဘဝက ရွတ်ဆိုခဲ့သလို "ရ" ရထားကြီးကို ပျော်ပျော်ကြီးစီးနိုင်ရန် ရထားတစ်ခေတ်ဆန်းသစ်၍ ခရီးသွားပြည်သူတို့၏ နှလုံးသည်းပွတ်ကို သိမ်းကြုံးရယူဖို့သာ လိုအပ်လှပါသည်။ ။

> "ရထားဖြင့် ခရီးသွားခြင်း၏ အခြားထူးခြားသော အားသာချက်မှာ လမ်းခရီးတစ်လျှောက် ရှုမျှော်ခင်းများ ကြည့်ရှုရခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် သာယာလှပသော ရေမြေတောတောင် သဘာဝအလှအပများဖြင့် ပြည့်နှက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ရထားဖြင့် ခရီးသွားခြင်းသည် ယင်းသဘာဝအလှအပများကို အပြည့်အဝ ခံစားရစေမည်ဖြစ်ပါသည်။ ရထားလမ်းတစ်လျှောက် စိမ်းစိုသော လယ်ကွင်းများ၊ အဝေးဆီမှ အုံ့မှိုင်းနေသော တောင်စဉ်တောင်တန်းများ၊ ညနေဆည်းဆာ ကောင်းကင်ဝဋ္ဋာမှာ အိပ်တန်းပြန်နေသော ငှက်များ၊ နေညိုညိုတိမ်တောက်ချိန် ကျေးလက်ရှုခင်းများသည် ရထားစီးရင်း ကြည့်ရှုခံစားရသော မေ့မရသည့် ရှုခင်းများဖြစ်"

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် သေနတ်ပစ်နှင့် မြားပစ်အားကစားအဖွဲ့များ လေ့ကျင့်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် သေနတ်ပစ်နှင့် မြားပစ်အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ သေနတ်ပစ်အားကစားကွင်းသို့သွားရောက်ပြီး စခန်းဝင်လေ့ကျင့်နေသည့် သေနတ်ပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက ပြိုင်ပွဲသုံးပစ္စည်းများကို ဝယ်ယူခွင့် ရရှိနိုင်စေရေး ကိစ္စရပ်များနှင့် အခြားလိုအပ်ချက်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မိမိအနေဖြင့် တာဝန်ရှိသူများနှင့်အတူ မြန်မာအားကစားအဖွဲ့အောင်မြင်မှုရရှိစေရေးနှင့် နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်ပေးနိုင်ရန် အစွမ်းကုန်နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အုပ်ချုပ်/ ထောက်ပံ့မှုကိစ္စရပ်များတွင် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ ပြိုင်ပွဲတွင်အဆင့် အတန်းမီစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိအောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက္ကဆံအားကစားကွင်း၌ လေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သို့ သွားရောက်ပြီး မြားပစ်အားကစားနည်းမှ အုပ်ချုပ်/ နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ နည်းစနစ်ပိုင်းမှန်ကန်ပြီး ရမှတ်များ တိကျမှုရှိစေရန်အတွက် စိတ်ပိုင်းဆိုင်ရာတည်ငြိမ်မှုရှိအောင် လေ့ကျင့်ရန်လိုကြောင်း၊ ရမှတ်များ ပိုမိုကောင်းမွန်စေရန် ဖြတ်ထိုးဉာဏ်သုံးပြီး အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးစားသွားရန်လိုကြောင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများ ကောင်းမွန်ပြီး ကျန်းမာရေးကောင်းမွန်အောင် အထူးဂရုစိုက်ကြရန်လိုကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် သုဝဏ္ဏအားကစားကွင်းရှိ အစည်းအဝေးခန်းမ၌ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံကိုယ်စားပြု ISPE အမျိုးသမီးဘောလုံးအသင်း၏ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ မြန်မာ့အားမာန်၊ အားကစားစိတ်ဓာတ်၊ အားကစားသမားကောင်းတစ်ယောက်၏ စိတ်ထား၊ အသင်းအဖွဲ့စိတ်ဓာတ်တို့ဖြင့် အနိုင်ရရှိအောင် ကြိုးစားယှဉ်ပြိုင်ပြီး မိမိအသင်း၏ဂုဏ်၊ ဌာနဂုဏ်၊ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်ကစားသွားရန် လိုကြောင်း၊ ပြိုင်ပွဲတိုင်းတွင် ပြိုင်ဘက်အသင်းကို အနိုင်ရရှိပြီး အောင်မြင်မှုများ ဆွတ်ခူးရရှိအောင် ကိုယ်စွမ်း၊ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားသွားရန်လိုကြောင်း မှာကြားပြီး အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများက လိုအပ်ချက်များကို တင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုသောအားဖြင့် ငပုတောမြို့နယ် သဲကုန်းကြီး-ဆင်ကူးကြီးကျောက်ချောလမ်းသစ်အား တက်ရောက်ဖွင့်လှစ်

**ပုသိမ် နိုဝင်ဘာ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သဲကုန်းကြီး-ဆင်ကူးကြီး ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းသစ်တွင်ပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်တို့သည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးသည်။



ဦးစွာ သဲကုန်းကြီး-ဆင်ကူးကြီး ကျောက်ချောလမ်းသစ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်ချောလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါလမ်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သော လမ်းဖြစ်ပြီး လမ်းအရှည် ၃ ဒသမ ၁၂ ဖာလုံ၊ လမ်းအကျယ် ၁၆ ပေရှိကြောင်းနှင့် အကျိုးပြုကျေးရွာ ၁၆ ရွာ၊ အကျိုးပြုအိမ်ခြေ ၂၈၀၂ အိမ်၊ အကျိုးပြုလူဦးရေ ၁၆၁၁၃ ဦး ရှိမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငပုတောမြို့နယ် သဲကုန်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ လှုပုကျေးရွာအခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ ညောင်ပိုင်းကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များသို့ သွားရောက်၍ စာသင်ဆောင်များ ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စဉ်ဆက်မပြတ် အတန်းစဉ်ကူးပြောင်းမှုရှိစေရေး၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး၊ ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ကျောင်းဥပစာရပ်ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးများကို အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဆရာ ဆရာမများက စဉ်ဆက်မပြတ်အတန်းစဉ်ကူးပြောင်းမှုရှိစေရေးဆောင်ရွက်ထားရှိမှုများ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျောင်းဆောင်လိုအပ်ချက်များနှင့် ဝန်ထမ်းအိမ်ရာ လိုအပ်ချက်များ တင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ဆရာ ဆရာမများနှင့် ဒေသခံ ကရင်တိုင်းရင်းသား ရိုးရာအကအဖွဲ့အား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါ်နုမြဖီ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၌ လုပ်ငန်းဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**ညောင်ဦး နိုဝင်ဘာ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖီသည် ယနေ့နံနက်ပိုင်းတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီတော်မြတ်ကြီး၊ ထီးလိုမင်းလိုဘုရားနှင့် သိကြားပုန်းဘုရားများအား ဖူးမြော်ကြည်ညို၍ သိကြားပုန်းဘုရားရှိ တိုက်မနှင့် အာရုံခံများတွင် ဗုဒ္ဓဝင်ခန်းများနှင့် ဗုဒ္ဓရုပ်ပွားတော်များ ထည့်သွင်းပူဇော်ထားမှု၊ သိကြားပုန်းဘုရားအနီး ပျိုးခြံတည်ဆောက်ခြင်း၊ ရင်ပြင်တိုးချဲ့ခြင်းနှင့် ရှေးဟောင်းအဆောက်အအုံနှင့် ရှေးဟောင်းနေရာဒေသ မြင်ကွင်းမထိခိုက်စေဘဲ ဒေသမျိုးရင်းပင်များဖြစ်သည့် မန်ကျည်းပင်၊ ထန်းပင်များစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖောင်တော်ဦးဘုရားတွင် သွပ်မိုး Redoxide သုတ်ခြင်းနှင့် ရေနံချေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဖူးဘုရားနှင့် ကန်တော့ပလ္လင်ဘုရား အနီးဝန်းကျင်တွင် ဒေသမျိုးရင်းမန်ကျည်းပင် စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI)အဖွဲ့နှင့်ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသော မဟာဗောဓိဘုရားနှင့် မီးငြိမ်းကုန်းဘုရားများသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ပြတိုက်/ပြခန်း ခင်းကျင်းပြသဆောင်ရွက်ထားရှိမှု၊ ပြတိုက်ရေရှည်ကြံ့ခိုင်မှုရှိစေရန် ထိန်းသိမ်းရေးဆောင်ရွက်ရမည့်အခြေအနေ၊ ရွာဟောင်းကြီး Complex တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော တူးဖော်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေးဟောင်းသမိုင်းဝင် အောင်စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (Y.M.B.A) ဗဟိုမှ ရခိုင်ပြည်နယ်အတွင်းရှိ ဆရာတော်ကြီးများအား မင်္ဂလဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ပွဲကျင်းပ



**စစ်တွေ နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် အောင်စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက အောင်စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သိမ်တော်၌ ကျင်းပရာ သံဃာတော်အရှင်သူမြတ်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ (Y.M.B.A) ဗဟို ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဘုရားဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်တွေမြို့ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ဗဟိုအဖွဲ့ဝင် ရွှေစေတီကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တအရိယဝံသ အမှူးပြုသော သံဃာတော်များက အောင်စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက ဒေါက်တာဘဒ္ဒန္တ အရိယဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရက္ခိုတစ္စမ်းအား ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဝင်းမောင်မောင်က အောင်စကြာမုနိဘုရားသိမ်တော် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်း၊ ရွှေစေတီပညာရေးဖောင်ဒေးရှင်းအတွက် အလှူငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဒေါက်တာ ဘဒ္ဒန္တအရိယဝံသထံမှ အနုမောဒနာ တရားနာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှ ပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (Y.M.B.A) ဗဟိုမှ ရခိုင်ပြည်နယ်အတွင်းရှိ ဆရာတော်ကြီးများအား မင်္ဂလဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ပွဲမင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဩဝါဒါစရိယ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူ၍ မြို့နယ်ဩဝါဒါစရိယ၊ စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်က ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(Y.M.B.A) ဗဟိုဒုတိယဥက္ကဋ္ဌ ဦးပြည့်စိုးဟန်က ဘွဲ့တံဆိပ်ဆက်ကပ်ခြင်းနှင့်ပတ်သက်၍ လျှောက်ထားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိကြသော ဆရာတော်ကြီး နှစ်ပါးနှင့် မဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရရှိကြသော ဆရာတော်ကြီးနှစ်ပါးတို့အား ပြည်နယ်ဝန်ကြီးချုပ်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (Y.M.B.A) ဗဟိုဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များ ကပ်လှူပူဇော်ကြသည်။ (ဓါတ်ပုံ)

ယင်းနောက် မဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိသော လူပုဂ္ဂိုလ်တစ်ဦးနှင့် မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိကြသော လူပုဂ္ဂိုလ် နှစ်ဦးတို့ကို (Y.M.B.A)ဗဟိုဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က (Y.M.B.A)အသင်းဗဟိုသို့ ပေးအပ်လှူဒါန်းသည့် အလှူငွေများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းရာ (Y.M.B.A)ဗဟို ဥက္ကဋ္ဌက လက်ခံရယူပြီး ရွှေစေတီကျောင်းတိုက် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တအရိယဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



## ပြည်မြို့၌ ဥပဒေရေးရာဝန်ကြီးဌာန သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေး

**ပြည် နိုဝင်ဘာ ၂**

ဥပဒေရေးရာဝန်ကြီးဌာန သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ မှာကြားချက်များကို ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ပြည်မြို့၌ အောက်တိုဘာ ၂၈ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ သာယာဝတီခရိုင်၊ နတ္တလင်းခရိုင်၊ ပြည်ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိ ၄၅ ဦး တက်ရောက်သည်။

ထပ်ဆင့် ရှင်းလင်းဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ဥပဒေရေးရာဝန်ကြီးဌာန သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်မှာကြားသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်ကို သိရှိလိုက်နာကြရန်၊ ဥပဒေရေးရာဝန်ကြီးဌာနကို အဘက်ဘက်မှ တိုးတက်အောင် ဆောင်ရွက်လျက် ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးထားလုပ်ဆောင်ကြစေလိုကြောင်း၊ ဥပဒေအရာရှိများ အကျင့်သိက္ခာပြည့်စုံပြီး အများပြည်သူလေးစားအားကိုးရသူများ ဖြစ်စေရန် အရေးကြီးကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများ၊ ဟောပြောပွဲများကို အလေးထားလုပ်ဆောင်ရန်လိုကြောင်း စသည်ဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

❊ *ကျောဖုံးမှ*

မော်ဂန်ဂစ်ဗ်ဝှိုက်နှင့် နီကိုလို ဆာဗိုနာတို့သည် နော်တင်ဟမ်ဖောရက်စ်အသင်းအတွက် နှစ်မိနစ်အတွင်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ မန်ယူအသင်းသည် နော်တင်ဟမ်ဖောရက်စ်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် အသင်းကစားပုံအနည်းငယ် ဟန်ချက်ပျက်ခဲ့ပြီး သွင်းဂိုးရရှိရေး ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။ မန်ယူအသင်းသည် ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် ပရီမီယာလိဂ်တွင် ၁၀ ပွဲကစားပြီး ငါးပွဲနိုင်၊ နှစ်ပွဲသရေနှင့် သုံးပွဲရှုံး ရလဒ်ရရှိထားသည်။ ပြိုင်ဘက် နော်တင်ဟမ်ဖောရက်စ်အသင်းက တစ်ပွဲနိုင်၊ သုံးပွဲသရေနှင့် ခြောက်ပွဲရှုံးရလဒ်ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘရိုက်တန်က လိဒ်စ်ကို သုံးဂိုး-ဂိုးမရှိ၊ အာဆင်နယ်က ဘန်လေကို နှစ်ဂိုး-ဂိုးမရှိ၊ ခရစ္စတယ်ပဲလေ့စ်က ဘရန့်ဖို့ဒ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဖူလ်ဟမ်က ဝုဖ်ကို သုံးဂိုး-ဂိုးမရှိ၊ ချယ်ဆီးက စပါးကို တစ်ဂိုး-ဂိုးမရှိ၊ လီဗာပူးက အက်စ်တွန်ဗီလာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့သည်။ လီဗာပူးအသင်းသည် ယခုပွဲစဉ် နိုင်ပွဲ ရရှိခဲ့သည့်အတွက် ပရီမီယာလိဂ် လေးပွဲဆက် ရှုံးနိမ့်နေမှုကို အဆုံးသတ်နိုင်ခဲ့သည်။ **အောင်ဇော်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ရုရှားနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ခရီးသွားလာရေး၊ ကုန်သွယ်ရေး စသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မန္တလေးမြို့နှင့် နိုဗိုစီဗစ်မြို့တို့အကြား ညီအစ်မမြို့တော် ထူထောင်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားမှု၊ လက်မှတ်ရေးထိုးပြီး မြို့နှစ်မြို့အကြား ၂၀၂၆ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် အဆိုပါအဖွဲ့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ချမ်းမြသာစည်မြို့နယ်ရှိ IBIS Styles ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ မန္တလေးမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်နေရာများနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့၌ ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိလာရာ မန္တလေးမြို့တော်ဝန်နှင့် ကျောင်းသားကျောင်းသူများ၊ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တွေ့ဆုံပြီး မန္တလေးမြို့၏ ယဉ်ကျေးမှု အမွေအနှစ်နေရာများဖြစ်သော မြနန်းစံကျော်ရွှေနန်းတော်၊ ကုသိုလ်တော်ဘုရား၊ ရွှေနန်းတော်ဘုန်းကြီးကျောင်းတို့အား လေ့လာဖူးမြော်ကြည်ညိုကြရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တပ်မတော်လေယာဉ်ဖြင့် ပုဂံညောင်ဦးသို့ ဆက်လက်ထွက်ခွာရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖုံနှင့်အဖွဲ့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပုဂံမြို့ဟောင်းရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ကြည့်ရှုလေ့လာကြရာ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲညွှန်ကြားရေးမှူးက ကမ္ဘာ့အမွေအနှစ်ပုဂံဒေသ၏ ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ရွှေစည်းခုံစေတီတော်၊ အာနန္ဒာဘုရား၊ ထီးလိုမင်းလိုဘုရားတို့၏ အနုပညာလက်ရာများကို စိတ်ဝင်တစားသွားရောက် လေ့လာကြည့်ရှုပြီး နန်းမြင့်မျှော်စင်မှ ပုဂံဒေသနေဝင်ဆည်းဆာအလှကို ကြည့်ရှု၍ ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းယွန်းထည်လုပ်ငန်းနှင့် ယွန်းအရောင်းဆိုင်ရှိ မြန်မာ့ရိုးရာ ယွန်းလက်မှုပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**







မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မြို့ပေါ် (၅)ရပ်ကွက်ရှိ သီးနှံကြိတ်ခွဲစက်များတွင် မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခြင်း၊ အကြံပြုခြင်းနှင့် ရပ်ကွက်အတွင်း မီးသတိမူရေးသတိပေးဆော်သြခြင်းများ ဆောင်ရွက်ကြစဉ်။

ကိုဇော်(ပြန်/ဆက်)

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၂**

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အတွင်း ရပ်ကွက်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးခွင့် မဆုံးရှုံးစေရေးအတွက် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ၊ ရွှေ့ပြောင်း နေထိုင်သူများအား ပန်းခင်းစီမံချက် အဆင့် (၃) ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပေးအပ်ပွဲကို မြို့နယ်ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ဆုတောင်းပြည့် အတုလအောင်ဇေယျ (ဦးဘိုးလှဘုရား) စေတီတော် ပရိဝုဏ်အတွင်းရှိ ဓမ္မာရုံ၌ ယနေ့နံနက် ၉ နာရီခွဲက ကွင်းဆင်းဆောင်ရွက်ပေးသည်။



ဦးစွာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းနိုင်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးဦးစီးအရာရှိ ဦးညီဇော်ဌေးက အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို ပြည်သူများအား ရှင်းလင်းဆွေးနွေးကာ တာဝန်ရှိသူများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် (၅၃၊ ၅၄၊ ၅၅၊ ၅၆) ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်ပြီးသည့် နိုင်ငံသားစိစစ်ရေးကတ် ၁၅၀ခန့်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၃၀ ခန့်ကို ကာယကံရှင်များ လက်ဝယ်သို့ ပေးအပ်ခဲ့ပြီး Biometric (UID) ကောက်ယူခြင်းလုပ်ငန်းအား OSS စနစ်ဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးအောင်(ဒဂုံတောင်)**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တရုတ်နှင့် ကုန်သွယ်ရေးသဘောတူညီချက်သည် ကြီးမားသောအောင်ပွဲတစ်ရပ်ဖြစ်သည်ဟု အမေရိကန် ပြောကြား

ဝါရှင်တန်ဒီစီ နိုဝင်ဘာ ၂

**တရုတ်နိုင်ငံက မြေရှားသတ္တုကုန်သွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များတိုးမြှင့်ခြင်းကို ရွှေ့ဆိုင်းသည့် သဘောတူညီချက်အပါအဝင် တရုတ်နှင့်အမေရိကန်အကြား ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် အမေရိကန်စီးပွားရေးနှင့် အမျိုးသား လုံခြုံရေးကိုကာကွယ်ရန် 'ကြီးမားသောအောင်ပွဲ' တစ်ရပ်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့သည် အောက်တိုဘာလနောက်ဆုံးပတ်က တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အိမ်ဖြူတော်က နိုဝင်ဘာ ၁ ရက်တွင် အဆိုပါသဘောတူညီချက်၏ အသေးစိတ်များကို ထုတ်ပြန်ခဲ့ရာ အောက်တိုဘာလက ကြေညာခဲ့သည့် မြေရှားသတ္တုထုတ်ကုန်များအပေါ် ထိန်းချုပ်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို တရုတ်က ရွှေ့ဆိုင်းသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဧပြီလတွင် ကြေညာခဲ့သည့် ကုန်သွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များနှင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလက ကုန်သွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များကိုလည်း ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အတူ မတ်လက ကြေညာခဲ့သည့် ပဲပုပ်နှင့် ပြောင်းအပါအဝင် အမေရိကန်၏ စိုက်ပျိုးရေးထုတ်ကုန်များအပေါ် ချမှတ်ထားသည့် တုံ့ပြန်အခွန်များကိုလည်း တရုတ်က ရွှေ့ဆိုင်းသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ဆိုသည်။ တရုတ်နိုင်ငံက ယခုနှစ်ကုန်မတိုင်မီ အမေရိကန်မှ ပဲပိစပ်တန်ချိန် ၁၂ သန်းကို ဝယ်ယူမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း နှစ်စဉ်အနည်းဆုံး ပဲပုပ် တန်ချိန် ၂၅ သန်း ဝယ်ယူမည်ဖြစ်ကြောင်း သဘောတူညီချက်တွင် ဖော်ပြထားသည်။

အမေရိကန်ဘက်ကလည်း ဖန်တနိုင်းလ်မူးယစ်ဆေးဝါးစီးဆင်းမှုကို ထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် တရုတ်သွင်းကုန်များအပေါ် ချမှတ်ထားသည့် အကောက်ခွန်ကိုလည်း ၁၀ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကာ ယင်းသဘောတူညီချက်သည် နိုဝင်ဘာ ၁၀ ရက်မှစတင်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဗြိတိန်နိုင်ငံ၌ ရထားပေါ်တွင် ဓားထိုးမှုကြောင့် ၁၀ ဦး ဆေးရုံတက်ရ

**လန်ဒန် နိုဝင်ဘာ ၂**

ကိန်းဘရစ်ရှိုင်းယား ပြည်နယ်အလယ်ပိုင်းရှိ ရထားတစ်စင်းပေါ်တွင် ဓားထိုးမှုဖြစ်ပွားရာ ၁၀ ဦးကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရကြောင်း ဗြိတိန်ရဲတပ်ဖွဲ့က ပြောသည်။

၎င်းတို့အနက် ကိုးဦးမှာ ဒဏ်ရာပြင်းထန်ပြီး သံသယရှိသူနှစ်ဦးကို ဖမ်းဆီးထားကြောင်း သိရသည်။ ရဲတပ်ဖွဲ့က ယင်းဖြစ်ရပ်ကို အကြမ်းဖက်ဖြစ်ရပ်အဖြစ် စုံစမ်းနေသည်ဟု သိရသည်။

နိုဝင်ဘာ ၁ ရက်က ရထားပေါ်တွင်လူများဓားထိုးခံရသည်ဟု ရဲများအား အကြောင်းကြားလာသည်ဟု ရဲများက ပြောသည်။




လန်ဒန်မြို့လယ် မြောက်ဘက် ကီလိုမီတာ ၉၀ အကွာရှိ ဟန်တင်ဒွန်မြို့၌ ရထားရပ်ပြီးနောက် ဒဏ်ရာရရှိသူများအား ကယ်ဆယ်ရေးသမားများက ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ရထားသည် ညနေ ၆ နာရီခွဲဝန်းကျင်တွင် တောင်ပိုင်း ယော့ခ်ရှိုင်းယားခရိုင်ရှိ ဒွန်ကက်စတာဘူတာမှ လန်ဒန်မြို့ ကင်းခရော့စ်ဘူတာရုံသို့ထွက်ခွာလာခြင်းဖြစ်သည်။ သံသယရှိသူနှစ်ဦးအား ဖမ်းဆီးထားပြီး အသေးစိတ်အချက်အလက်များကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု ရဲဌာနက ပြောသည်။

ဗြိတိန်ဝန်ကြီးချုပ် ကီရာစတားမားက ဟန်တင်ဒွန်အနီးရှိ ရထားတစ်စင်းပေါ်၌ ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်နှင့် ပတ်သက်၍ နက်နက်ရှိုင်းရှိုင်း စိုးရိမ်မိကြောင်း၊ ထိခိုက်ခံစားရသူများ အားလုံးအတွက် စိုးရိမ်မိကြောင်း ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာနိုင်ငံ၌ စက်သုံးဆီတင်ရထား လမ်းချော်မှုဖြစ်ပွား၊ ပင်မရထားလမ်းဝန်ဆောင်မှုများ အနှောင့်အယှက်ဖြစ်

**ကိုလံဘို နိုဝင်ဘာ ၂**

သီရိလင်္ကာနိုင်ငံ၌ စက်သုံးဆီတင်ဆောင်လာသော ရထားတစ်စင်း နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက လမ်းချော်မှုဖြစ်ပွားပြီး နိုင်ငံ၏ ပင်မရထားလမ်းဝန်ဆောင်မှုများ အနှောင့်အယှက်အဟန့်အတားများ ဖြစ်ပေါ်ခဲ့ရကြောင်း သီရိလင်္ကာမီးရထားဌာနက ထုတ်ပြန်ကြေညာထားသည်။



သီရိလင်္ကာနိုင်ငံ အနောက်ပိုင်းပြည်နယ်ရှိ မီရီဂါမာနှင့် ဝီလ်ဝပ်တီ ဘူတာရုံအကြားတွင် အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါရထားသည် ကိုလွန်နာဝါရေနံသိုလှောင်ရေးစခန်းမှ ဘတ်တီကာကာ လိုအာမြို့သို့ စက်သုံးဆီသယ်ယူပို့ဆောင်သောရထားဖြစ်ကြောင်း သီရိလင်္ကာမီးရထားဌာနက ပြောကြားသည်။

ရထားလမ်း လုပ်သားများသည် လတ်တလောတွင် ပုံမှန်ရထားပြေးဆွဲမှုများ ပြန်လည်စတင်နိုင်ရန် လမ်းကြောင်းများရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း၊ သီရိလင်္ကာနိုင်ငံ၌ ရထား မတော်တဆမှုများသည် မကြာခဏ ဖြစ်လေ့ဖြစ်ထရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် မီးရထားနှင့်ပတ်သက်သော အမှုပေါင်း ၁၂၃၉ မှုရှိခဲ့ပြီး ရထားလမ်းချော်သည့် အမှုပေါင်း ၁၂၅ မှု ပါဝင်ကြောင်း သီရိလင်္ကာ မီးရထားစီမံခန့်ခွဲရေး အစီရင်ခံစာ ၂၀၂၃ အရ သိရသည်။

**ဆင်ဟွာ**

# အီရန်နိုင်ငံသို့ တရားမဝင်ခိုးဝင်ရန် ကြိုးပမ်းမှုဖြင့် ၁၄၄ ဦးကို အာဖဂန်တပ်ဖွဲ့များ ဖမ်းဆီး

**ကဘူးလ် နိုဝင်ဘာ ၂**

နယ်စပ်ဖြတ်ကျော်ပြီး အိမ်နီးချင်းအီရန်နိုင်ငံသို့ခိုးဝင်ရန် ကြိုးပမ်းသည့် အာဖဂန် ၁၄၄ ဦးအား အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်သည်ဟု နိုဝင်ဘာ ၂ ရက်က အာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ သိရသည်။

အာဖဂန်နစ္စတန်အနောက်ပိုင်း ဟီရတ်ပြည်နယ်၌ တပ်စွဲထားသည့် အာဖဂန်တပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံရသူများထဲတွင် လူကုန်ကူးသမားဟု သံသယရှိသူနှစ်ဦးလည်း ပါဝင်သည်ဟု ထုတ်ပြန်ချက်တွင် ပါဝင်သည်။

နယ်စပ်လုံခြုံရေး အားကောင်းလာစေရန်နှင့် နယ်စပ်မျဉ်းတစ်လျှောက် တရားမဝင်သွားလာမှုကို တားဆီးရန်ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါစစ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်ကလည်း နယ်စပ်တစ်လျှောက် အိမ်နီးချင်းနိုင်ငံ အီရန်နိုင်ငံသို့ ခိုးဝင်ရန်ကြိုးပမ်းသည့် ၂၀၂ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်။ ရာနှင့်ချီသော အာဖဂန်ဒုက္ခသည်များသည် အီရန်မှ ၎င်းတို့၏မွေးရပ်မြေ အာဖဂန်နစ္စတန်သို့ နေ့စဉ်ပြန်လာနေကြသော်လည်း အာဖဂန်အများအပြားသည် စစ်ပွဲပြီးကာလ နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှုများနှင့် အလုပ်လက်မဲ့ဖြစ်မှုများကြောင့် အီရန်နိုင်ငံသို့ခိုးဝင်ရန် နေ့စဉ်ကြိုးပမ်းနေကြသည်။

အာဖဂန်အစိုးရသည် လူကုန်ကူးမှုများနှင့် အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်မှုများကို စစ်ဆေးသွားမည်ဟု ကတိပြုခဲ့သည်။ **ဆင်ဟွာ**

# အာဖဂန်အစိုးရက ဆင်းရဲနွမ်းပါးသူများကို ငါးလအတွင်း ဒေါ်လာ ၁၃၆ သန်းကျော် ပေးအပ်

**ကဘူးလ် နိုဝင်ဘာ ၂**

အာဖဂန်အစိုးရသည် လွန်ခဲ့သည့် ငါးလအတွင်း မုဆိုးမများ၊ မိဘမဲ့များနှင့် မသန်စွမ်းသူများအတွက် အမေရိကန်ဒေါ်လာ ၁၃၆ သန်းကျော်ကို ပေးဝေခဲ့ကြောင်း နိုဝင်ဘာ ၁ ရက်တွင် အာဇာနည်နှင့် မသန်စွမ်းသူများရေးရာဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါကာလအတွင်း နိုင်ငံတစ်ဝန်း မုဆိုးမများ၊ မိဘမဲ့များနှင့် မသန်စွမ်းသူများထံသို့ ငွေကြေးအကူအညီအဖြစ် အာဖဂန်နီ ၉ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၁၃၆ သန်းကျော်) ကို ပေးဝေခဲ့ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ မူဖ်တီဖိုင်ဆယ်က ပြောကြားသည်။

ထပ်မံ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်တန်ဖိုးရှိသည့် အစားအစာများနှင့် အစားအစာမဟုတ်သောအကူအညီများကိုလည်း ဆင်းရဲနွမ်းပါးသည့် မိသားစုများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ် Road Bike စက်ဘီးစီးပြိုင်ပွဲနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၂**

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဖိတ်ခေါ် Road Bike စက်ဘီးစီးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိလမ်းရှိ သီရိကွင်းမုခ်ဦးအရှေ့၌ ကျင်းပရာ ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စက်ဘီးစီးပြိုင်ပွဲအား စတင်တာလွှတ်ပေးခဲ့သည်။



အဆိုပါ စက်ဘီးစီးပြိုင်ပွဲကို အမျိုးသား အသက် ၄၀ အထက်နှင့် အသက် ၄၀ အောက် ၈၀ ကီလိုမီတာပြိုင်ပွဲနှင့် အမျိုးသမီး ၄၅ ဒသမ ၁၃ ကီလိုမီတာ ပြိုင်ပွဲဖြင့် ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားပြိုင်ပွဲကို သီရိလမ်း သီရိကွင်းရှေ့မှ နာရီစင်မီးပွိုင့်၊ ဗိုလ်ချုပ်လမ်း တစ်လျှောက် ဘားအံ - လှိုင်းဘွဲ့ လမ်းဆုံ နောင်လုံ၊ အိန္ဒြာငြိမ်းချမ်းရေးကွက်သစ်၊ ဘုရားကုန်း၊ ဇာသပြင်မှ ဘားအံကားလမ်းတစ်လျှောက် သီရိကွင်းမုခ်ဦးရှေ့သို့ ပြန်လည်ပန်းဝင်ခဲ့ကြောင်း၊ အမျိုးသမီး ၄၅ ဒသမ ၁၃ ကီလိုမီတာပြိုင်ပွဲတွင် သီရိကွင်းမုခ်ဦးဝမှ နာရီစင်မီးပွိုင့်၊ ဗိုလ်ချုပ်လမ်းတစ်လျှောက် လှိုင်းဘွဲ့လမ်းဆုံမှ တစ်ဆင့် နောင်လုံ တောင်ကြားလမ်းဆင်လေးကောင်အဝိုင်းမှ ဘားအံမြို့ သီရိကွင်းရှေ့သို့ ပြန်လည်ပန်းဝင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနား ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများက နှစ်သိမ့်ဆုရရှိသည့် ပြိုင်ပွဲဝင်များအား ဆုများပေးအပ်ပြီး အသက် ၄၀ နှင့်အထက် ၈၀ ကီလိုမီတာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရသူများအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်က လည်းကောင်း၊ အမျိုးသမီး ၄၅ ဒသမ ၁၃ ကီလိုမီတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်းဘောဘီမြင့်က လည်းကောင်း၊ အသက် ၄၀ အောက် ၈၀ ကီလိုမီတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆု ရရှိသူများအား ကရင်ပြည်နယ် ဝန်ကြီးချုပ်က လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းစက်ဘီးစီး အားကစားပြိုင်ပွဲတွင် အမျိုးသားအသက် ၄၀ နှင့်အထက်၊ အသက် ၄၀ အောက်နှင့် အမျိုးသမီးစက်ဘီးစီး အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အဆိုပါပြိုင်ပွဲကို ထားဝယ်၊ သံဖြူဇရပ်၊ ရေး၊ မုဒုံ၊ မော်လမြိုင်၊ သထုံ၊ ရန်ကုန်၊ မန္တလေး၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နှင့် ဘားအံမြို့မှ ပြိုင်ပွဲအားကစားသမားများ စုစုပေါင်း ၂၅၀ လာရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

အလားတူ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဘားအံ-လှိုင်းဘွဲ့ ကားလမ်းမကြီးဘေးရှိ ဘားအံဂေါက်ကလပ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဂေါက်သီးရိုက်ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့ပြီး ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး Green အကောင်းဆုံးဆု သုံးဆု၊ အဝေးရိုက်ဆု၊ ကျင်းနှင့် အနီးဆုံးဆု၊ Line နှင့် အနီးဆုံးဆု Par အများဆုံးဆု၊ Birdie အများဆုံးဆု၊ Beit Loser ဆု၊ Hole in One ဆုနှင့် အသက် ၆၂ နှစ်အထက် Second Runner Up First Runner Up Winner ဆုများနှင့် အသင်းလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# အရိုးရောဂါပညာရပ်ဆိုင်ရာ ညီလာခံ (၂၀၂၅) ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးမှုများဖြင့် မြန်မာနိုင်ငံ အရိုးရောဂါပညာရပ်ဆိုင်ရာ ညီလာခံ (၂၀၂၅) ကို ရန်ကုန်မြို့ Novotel Hotel ၌ အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပရာ ညီလာခံဖွင့်ပွဲအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း တက်ရောက်၍ ညီလာခံ ကျင်းပပြုလုပ်ခြင်းအားဖြင့် ရရှိလာသော တိုးတက်လာသည့် နည်းပညာသစ်များဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကို စိတ်ကောင်းစေတနာထား၍ ပိုမိုဆောင်ရွက်ပေးကြရန်နှင့် အရိုးရောဂါပညာရပ်များကို စဉ်ဆက်မပြတ်တိုးတက်စေရန် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ပါမောက္ခ (အရိုး) ဒေါက်တာစည်သူ၊ ပါမောက္ခ (အရိုး) (ငြိမ်း) များဖြစ်သော ပါမောက္ခ ဒေါက်တာဦးမိတ်နှင့် ပါမောက္ခ ဒေါက်တာသိန်းမြင့်ထွန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ညီလာခံကာလအတွင်း Pre Conference Workshop သုံးခု၊ သုတေသန ပိုစတာ ၂၃ ခုအားပြသခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းအရိုးပညာရှင် ၃၄ ဦးတို့၏ တင်ပြဆွေးနွေးချက်များ၊ ဆေးနှင့် ဆေးပစ္စည်း ပြခန်း ၆၂ ခန်းတို့ဖြင့် ကျင်းပပြီး စုစုပေါင်း ၃၆၀ တက်ရောက်ကာ အရိုးရောဂါပညာရပ်ဆိုင်ရာများနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး MSMEs တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး MSMEs တန်ဆောင်တိုင် ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို ယနေ့နံနက်ပိုင်းစတင်၍ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ဒေသထွက်ထုတ်ကုန်များ ရောင်းချသူနှင့် ဝယ်ယူအားပေးကြသူများဖြင့် စည်ကားလျက်ရှိသည်။ ဈေးရောင်းပွဲတော်တွင် စက်မှုဇုန်များ၊ MSMEလုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ စက်မှုထုတ်ကုန်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများနှင့် အစားအစာအရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများအပါအဝင် ဈေးဆိုင်ခန်းပေါင်း ၆၃၀ ကျော်တွင် ပြည်တွင်းထုတ်ကုန် ပစ္စည်းများဖြစ်သည့် အဝတ်အထည်များ၊ စားသောက်ကုန်များ၊ အလှမွေးငါးများ၊ အိမ်မွေးတိရစ္ဆာန်များ၊ မြန်မာ့သနပ်ခါးများကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက သက်သာသောဈေးနှုန်းများဖြင့် ဆီများကို ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။




တန်ဆောင်တိုင် ဈေးရောင်းပွဲတော်တွင် Talk Show အစီအစဉ်၌ MSME များအတွက် ချေးငွေနှင့် စံချိန်စံညွှန်းဆိုင်ရာနှင့် အထောက်အပံ့များ ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပွဲတော်လာပြည်သူများက လာရောက်အားပေးလျက်ရှိသည်။

ဖျော်ဖြေရေးမဏ္ဍပ်၌ သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၊ DJ ပညာရှင်များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ် တေးသံရှင်များစွာတို့၏ သီဆိုဖျော်ဖြေမှုများကြောင့် တန်ဆောင်တိုင် ဈေးရောင်းပွဲတော်သည် ပိုမိုစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

**အများပြည်သူသို့ အသိပေးကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **“မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်”** အသိပေးအပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာခင်စောနွဲ့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**မင်္ဂလာပါရှင့်၊**

ကျွန်မကတော့ ဒေါက်တာခင်စောနွဲ့ဖြစ်ပါတယ်။ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) မှ ဖြစ်ပါတယ်ရှင့်။

**မူဝါဒအနေဖြင့်**

ပါတီစုံဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာ၌ တိုင်းရင်းသားအားလုံး ပါဝင်ရမည်။ ဒီမိုကရေစီ လမ်းကြောင်းနှင့် မလွဲချော်စေရန်ဖြစ်ပြီး ဥပဒေနှင့် ညီညွတ်သော လုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်ရန် ဖြစ်ပါသည်။

လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရန် မူဝါဒများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ မူဝါဒများပင် ဖြစ်ပါသည်။

**သဘောထားအနေဖြင့်**

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ချစ်မြတ်နိုးပါသည်။ မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားအားလုံးအချင်းချင်း တန်ဖိုးထားရသော ကိုယ်ပိုင်ယဉ်ကျေးမှု၊ စာပေ၊ အနုပညာများကို ဖော်ထုတ်ပြီး နိုင်ငံ၏ ဒီမိုကရေစီ လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးပြီး ပေါင်းစည်းနေထိုင်လိုသော သဘောထားများ ရှိပါသည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုလည်း အောင်မြင်စွာကျင်းပနိုင်စေချင်သော သဘောထားသည် လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ သဘောထားပင်ဖြစ်ပါသည်။ ထို့ပြင် ပါတီများ တိုင်းရင်းသားများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ အားလုံးက ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းကြဖို့ကိုလည်း မျှော်မှန်းချက်ထားပါသည်။ ဒီမိုကရေစီ ဖော်ဆောင်ရေးကို လုပ်သားပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းဆန္ဒများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး (ဒူးလေးပါတီ)၏ သဘောထား တစ်ရပ်ပင်ဖြစ်ပါသည်။ ထို့ပြင် လီဆူလူမျိုးများအနေနှင့် မိမိတို့၏ ဒေသစွဲ၊ လူမျိုးစွဲမရှိ အလွန်ရိုးသားသော နိုင်ငံတော်ကို ပုန်ကန်သောအဖွဲ့အစည်းမျိုးလည်း မရှိခဲ့ကြပါ။ ဒါကြောင့်လည်း သမိုင်းပညာရှင် သုတေသီများအနေနှင့်လည်း ဂုဏ်ပြု၍ လီဆူတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများကို သုတေသနပြု၍ ဖော်ထုတ်ခဲ့သည်။ လီဆူတိုင်းရင်းသားတို့၏ ချစ်စဖွယ် တန်ဖိုးထားဖွယ် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကမ္ဘာ့နေရာအနှံ့အပြား ပျံ့နှံ့နေထိုင်ခြင်းများ၊ ဥပမာ အိန္ဒိယ၊ ယူနန်ပြည်နယ်၊ အရှေ့တောင်အာရှများတွင် ပျံ့နှံ့နေထိုင်သော်လည်း ဘုံစကားရှိ၍ တန်ဖိုးထားစရာဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။ တိုင်းရင်းသားတစ်ဦးနှင့် တစ်ဦးချစ်ခင်လေးစားလာစေခြင်းသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထား ဖြစ်ခဲ့ရသည်။

ဒီမိုကရေစီလမ်းကြောင်း ဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးသည် အလွန်အရေးကြီးသောကဏ္ဍမှ ပါဝင်သည်။ တစ်ကမ္ဘာလုံးငြိမ်းချမ်းကြပါစေ။ မြန်မာပြည်တစ်ဝန်း လှပသာယာစိုပြည်စေချင်တာကလည်း လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ သဘောထားပင်ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများအနေနှင့်လည်း ပွင့်လင်းမြင်သာသောဆန္ဒများ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ကြမယ်၊ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာက ပါဝင်လာကြမယ်ဆိုရင် ယနေ့နိုင်ငံတွင် ကြုံတွေ့နေခဲ့ရသော ရေဘေး၊ ငလျင်ဘေး စတဲ့ သဘာဝအန္တရာယ်များ ခံစားရသော ဒေသခံတိုင်းရင်းသားများကို တတ်စွမ်းသမျှ ကူညီချစ်ခင်ဝိုင်းဝန်း အားပေးကြမယ်ဆိုပါက အားလုံးကို ကမ်းလင့်လို့ကြိုနေကြမှာပါ။ ရင်ထဲမှာ မေတ္တာထားတတ်ကြတာ လူသားတိုင်းမှာ ရှိပါတယ်။ ဒါကြောင့် အားလုံးမေတ္တာအရင်းခံထားပြီး အချင်းချင်းစည်းလုံးချစ်ကြည်ငြိမ်းချမ်းစေချင်ကြခြင်းသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ သဘောထား၊ မေတ္တာထုထည်ကြီးမားခြင်းပင်ဖြစ်သည်။ တိုင်းရင်းသားအားလုံး ယုံကြည်ကိုးကွယ်ခြင်းများကိုလည်း လွတ်လပ်စွာကိုးကွယ်ကြပြီး အဓိကသည် မေတ္တာထားကြတာခြင်းကတော့ တူညီကြပါသည်။ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) သည် လွတ်လပ်စွာကိုးကွယ်ပြီး တိုင်းရင်းသားအားလုံး နိုင်ငံတော်ကိုချစ်ပြီး အတူတကွ နိုင်ငံ့အကျိုးသယ်ပိုးစေလိုသော သဘောထားသည်လည်း လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ သဘောထားတစ်ရပ်ပင် ဖြစ်ပါသည်။

တောင်ပေါ်၊ မြေပြန့်မခွဲခြားဘဲ တိုင်းရင်းသားများ၏ ပညာရေးတိုးတက်ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာစေရန် စွမ်းဆောင်ပေးနိုင်သော သဘောထားများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုတက်ရေးပါတီ၏ သဘောထားတစ်ရပ်ပင် ဖြစ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေသော ဌာနေပြည်သူ့စစ် လီဆူတိုင်းရင်းသားလူငယ်မောင်မယ် တိုင်းရင်းသားများသည်လည်း နိုင်ငံ့အကျိုးသယ်ပိုးရာတွင် အခြားတိုင်းရင်းသားများနည်းတူ စေတနာအရင်းခံ၍ စည်းလုံးကူညီပံ့ပိုး ပူးပေါင်းဆောင်ရွက်စေလိုသော သဘောထားများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ သဘောထားပင်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး၏ စားဝတ်နေရေးများပြေလည်ပြီး ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေလိုသော သဘောထားများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ စိတ်ရင်းသဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။

**လုပ်ငန်းစဉ်များ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ အားလုံး၏ ပညာရေးကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်တွင်ရှိသော လီဆူ၊ ရှမ်း၊ ရဝမ်ရွာများတွင် သင်ထောက်ကူပစ္စည်းများကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပေါင်းစည်း၍ လှူဒါန်းမှုများ ပြုလုပ်ပါမည်။

တိုင်းရင်းသားမောင်မယ်လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် အသေးစားစက်မှုလုပ်ငန်း အိမ်တွင်းမှုသင်တန်းများကို သင်တန်းပို့ချပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန် အစီအစဉ်များ ဆောင်ရွက်ပါမည်။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန် မခွဲခြားဘဲ လိုအပ်သော လှူဒါန်းမှုများကို စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ပါဝင်ဆောင်ရွက်ပါမည်။ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း၍ ပူတာအိုခရိုင်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအထောက်အကူပြုအဖွဲ့ငယ်များနှင့်အတူပူးပေါင်း၍ ကမ္ဘာ့ခရီးသွားများ လာရောက်၍ နိုင်ငံတော်ဝင်ငွေတိုးတက်ရေး၊ E Tourism ကို အကောင်အထည်ဖော်ရန် ဆောင်ရွက်ပါမည်။ တိုင်းရင်းသားများ ပြန်လည်စည်းလုံးညီညွတ်ရေး ရရှိနေစေဖို့ အတွက် အမျိုးသားစည်းလုံးညီညွတ်ရေး ခိုင်မာနေရန် လိုအပ်ပါသည်။ လက်ရှိအခြေအနေအရ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ဖြေရှင်းရမည်ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်း၊ သတ္တုတူးဖော်ခြင်း၊ ကျောက်စိမ်းတူးဖော်ခြင်း၊ ပယင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း လုပ်ငန်းများသည် ကချင်ပြည်နယ်တွင် နေထိုင်ကြသူများ၏ အဓိကအသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းများ ဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ဥပဒေနှင့်အညီ တရားဝင်နိုင်ငံသားတိုင်းရင်းသားများအတွက် လုပ်ပိုင်ခွင့်များ ရရှိရေးအတွက်လည်း ဆောင်ရွက်နိုင်ရန် ဦးဆောင်မှုများ ပြုလုပ်နိုင်ခြင်း လုပ်ငန်းစဉ်တစ်ရပ်အဖြစ် လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) အနေနှင့် တင်ပြဆောင်ရွက်ပါမည်။



လူမှုစီးပွား၊ လူ့အခွင့်အရေးများ လျင်မြန်တိုးတက်ဖွံ့ဖြိုးစေမည့် ဒူးလေးပါတီ၊

အလုပ်အကိုင်အခွင့်အလမ်း၊ ပညာဖွံ့ဖြိုး လျင်မြန်စွာ တိုးတက်စေမည့် ဒူးလေးပါတီ၊

ယုံကြည်မှုကို အကောင်အထည်ဖော်မှာ ဒူးလေးပါတီပါရှင့်။

ကျေးဇူးတင်ပါတယ်ရှင်။

**ပါတီ၏ သီချင်းစာသား (မြန်မာဘာသာပြန်ဆိုချက်)**

- လီဆူပါတီ ဒူးလေးပါတီ ဒူးလေးပါတီသည်
  လီဆူအမျိုးသားများအိမ်ဖြစ်၍
  မိမိတို့ အိမ်ကို တည်ဆောက်ထိန်းသိမ်းရမည်။
- ကိုယ့်အိမ်ကိုယ့်ယာမရှိခဲ့ရင်
  ဒီကမ္ဘာပေါ်မှာ မျက်နှာငယ်ရမည်။
- လီဆူအမျိုးသားများ နိုးထလော့ / စည်းလုံးကြလော့
  ကိုယ့်ရဲ့ ဒူးလေးပါတီမှ ကိုယ်စားလှယ်များကို
  မဲပေးရွေးချယ်လိုက်ရအောင်
- လီဆူအမျိုးသားများ စည်းလုံး၍
  တစ်စိတ်တစ်ဝမ်းတည်း
  ရှေ့ဆက် ချီတက်ကြရအောင်
- တိုင်းရင်းသားများ တန်းတူညီရေးအတွက်
  ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင်
  တက်ရောက်ပါဝင်
  ဆွေးနွေးနေပြီဖြစ်သည်။
- ဒူးလေးပါတီသည် တို့ပါတီ
  လီဆူဒူးလေးပါတီအောင်မြင်ရမည်။

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)**
**တေးသီချင်း**

* (လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ )၂
  (ဟေ့ ဒူးလေးပါတီ)၃
  Lisu National Development Party (L.N.D.P)
* ဒို့နိုင်ငံတစ်ခုလုံး ရွေးကောက်ကြမည်
  မဲဆန္ဒရှင်ပြည်သူများ
  ဆန္ဒမဲပေးကြမည်
  တိုင်းရင်းသားအားလုံး
  စည်းလုံးကြမည်
* မဲရုံကိုသွားလို့ မဲပေးကြမည်
  Lisu National Development Party (L.N.D.P)
* လူ့အခွင့်အရေး လူမှုစီးပွားရေးနဲ့ ပညာရေး
  အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး
  အနာဂတ်ရဲ့
  အောင်မြင်မှုပန်းတိုင်
  စွမ်းဆောင်ပေးမည့် ဒူးလေးပါတီ
* (အချစ်ဆုံးရေ အတူသွားစို့ မဲပေးကြမည်)၂
  (ဒူးလေးပါတီ)
  Lisu National  Development Party (L.N.D.P)

**မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ**

နေပြည်တော် နိုဝင်ဘာ ၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

# ရတနာပုံတက္ကသိုလ်၌ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




**အမရပူရ နိုဝင်ဘာ ၂**

အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ် နေ့သင်တန်း၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ ဌာနမှူး (သင်တန်းရေးရာဌာန)၊ မော်ကွန်းထိန်း (ကျောင်းသားရေးရာဌာန)၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျင်းပခဲ့သည့် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့၊ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စာကြည့်တိုက်နှင့် သုတပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ အသီးသီးအတွက် အောင်မြင်ခဲ့ကြသည့် မောင်မယ်များအား ဘွဲ့လက်မှတ်များ အပ်နှင်းသည်။

အဆိုပါ (၂၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အစမ်းလေ့ကျင့်ရက်အပါအဝင် နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ အပိုင်း လေးပိုင်းခွဲပြီး ကျင်းပရာ တက်ရောက်ဘွဲ့ ၁၂၉၈ ဦး၊ အဝေးရောက်ဘွဲ့ ၁၅၃ ဦး စုစုပေါင်း ၁၄၅၁ ဦးကို ဘွဲ့အပ်နှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

# စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပုဂ္ဂလိက ဆရာအတတ်ပညာ ရက်တိုသင်တန်းဖွင့်

**စစ်ကိုင်း နိုဝင်ဘာ ၂**

စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပုဂ္ဂလိက ဆရာအတတ်ပညာ ရက်တိုသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မန္တလေးတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ မန္တလေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းက အမှာစကားပြောကြားပြီး အဆိုပါ



သင်တန်းသို့ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းဆင့်သင် ဆရာ ဆရာမများ၊ နိုင်ငံတကာသင်ရိုးသင်ကျောင်းများမှ ဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**



# အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေး

**ကော့မှူး နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းနှင့်မိခင်များအား ငှက်ဖျားပိုးရှိ မရှိ စစ်ဆေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့သစ်ရပ်ကွက် ပြည်သူ့ဆေးရုံ ကျန်းမာရေးဆေးခန်းနှင့် ရပ်ကွက်၊ ကျေးရွာဆေးပေးခန်းများ၌ ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရပ်ကွက်၊ ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များကို ကျန်းမာရေးဝန်ထမ်းများက အဆုတ်ရောဂါ ကာကွယ်ဆေး၊ အသည်းရောင်အသားဝါ(ဘီ)၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) ပြင်းထန် ဝမ်းပျက်ဝမ်းလျှော(ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေး)၊ ပြင်းထန်အဆုတ်ရောင်၊ ဝက်သက်ဂျိုက်သိုး၊ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးနှင့် ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေး ထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**






# လယ်ဝေးမြို့နယ်အတွင်း ဆောင်းဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးထားရှိမှုများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယမန်နေ့က လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနၶ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သူရနှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများနှင့် တွေ့ဆုံဆွေးနွေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်က လယ်ဝေးမြို့နယ်အတွင်း ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းတွင် မပါသင့်သူများ မပါစေရေး၊ ပါသင့်ပါထိုက် ၁၈ နှစ်ပြည့်ပြီးသူများ စာရင်းမှန်ကန်ရေး၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့နှင့် ပူးပေါင်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရေး၊ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများ မဲပေးခွင့် မဆုံးရှုံးစေရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းတွင် မပါဝင်သေးသူများ ပါဝင် ဆန္ဒမဲပေးနိုင်ရေး၊ လိုအပ်ချက်အရ မြေပြင်အမှန်ရှိပြီး ပုံစံ(၆၆)နှင့် မှတ်ပုံတင်မရှိသူများ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ရရှိရေး OSS စနစ်ဖြင့် အမြန်လုပ်ဆောင်ပေးရန်၊ လိုအပ်ပါက ကျေးရွာအုပ်စုအထိ စုစည်း၍ သွားရောက်ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာ ကွင်းအမှတ် ၁၇၃၁၊ တောင်သူ ဦးတင်ဇော်ထွန်း၏ လယ်မြေနှစ်ဧကတွင် ဆောင်းဆီထွက်သီးနှံ နေကြာစိုက်ပျိုးထားရှိမှု၊ ရေလဲပေါက်ကျေးရွာ ကွင်းအမှတ် ၁၇၄၅၊ တောင်သူ ဦးကိုလင်း၏လယ်မြေ ဧက ၅၀ တွင် နေကြာစတင်စိုက်ပျိုးနေမှုနှင့် အောင်သုခကျေးရွာ တောင်သူ ဦးစိုးတင့်၏ လယ်မြေ ဧက ၅၀ တွင် နေကြာစိုက်ပျိုးရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ တောင်သူများနှင့် တွေ့ဆုံ၍ ယခုလာမည့် ဆောင်းတွင် သီးနှံများ စိုက်ပျိုးရာ၌ သွင်းကုန်အစားထိုး စားသုံးဆီများကို ပြည်တွင်းထုတ်ကုန် နေကြာနှင့် မြေပဲတို့ဖြင့် ဖူလုံစွာစားသုံးနိုင်ရေးအတွက် အဓိကထား စိုက်ပျိုးရေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# လမ်းမတော်မြို့နယ်၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ယမန်နေ့က လမ်းမတော်မြို့နယ်ရှိ အနော်ရထာလမ်းမကြီးတစ်လျှောက် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ပွဲတော်လာရောက်လည်ပတ်ကြသူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော် ကို နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လမ်းမတော်မြို့နယ်ရှိ အနော်ရထာလမ်းတစ်လျှောက် ဝါးတန်းလမ်းထိပ်မှ လမ်းမတော်လမ်းထိပ်အထိ ဆိုင်ခန်းပေါင်း ၁၈၀ ကျော် ဖွင့်လှစ်ရောင်းချလျက်ရှိရာ ပွဲတော်လာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**"အစာအဆိပ်သင့်ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်အချက်များ"**

အစာအဆိပ်သင့်မှုသည် နေရာဒေသမရွေး မကြာခဏဖြစ်ပွားတတ်ပြီး ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်နိုင်ပါသည်။ အစာအဆိပ်သင့်မှု မဖြစ်စေရန်အတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရပါမည်။

**အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများလိုက်နာရန်**




၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ သေချာစွာဆေးကြောပါ။ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်သုံး ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊

၂။ မချက်ရသေးသည့်သားစိမ်း၊ ငါးစိမ်းများနှင့် ချက်ပြုတ်ပြီးဟင်းများကို အတူရောမထားပါနှင့်၊ စဉ်းတီတုံး၊ ပန်းကန် သီးသန့်သုံးပါ၊ ချက်ပြုတ်ပြီးအစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ၊

၃။ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပါ၊ ချက်ပြုတ်ထားသည့် အစားအစာများကို မစားမီပြန်နွှေးပါ၊

၄။ အစားအစာများကို သင့်တော်သည့် အပူချိန်တွင်ထားရန်လိုသည်၊ ချက်ပြုတ်ထားသည့် အစားအစာများကို အခန်းအပူချိန်တွင် နှစ်နာရီထက်ပို၍ မထားပါနှင့်၊

၅။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသောရေကိုသာ သုံးစွဲပါ၊ လတ်ဆတ်သော အစားအစာများကိုသာသုံးစွဲပါ။

**အစားအသောက်ရောင်းချသူများအနေဖြင့် အထူးလိုက်နာရန်**

၁။ ဝမ်းပျက်ဝမ်းလျှောနှင့်ဝမ်းကိုက်ရောဂါလက္ခဏာခံစားနေရသူများ

၂။ အရေပြားတွင်အနာရှိသူများနှင့်ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့်ကိုင်တွယ်ရောင်းချခြင်းတို့ကို လုံးဝရှောင်ကြဉ်ပါ။

၂၀၂၅ ခုနှစ်၊ မေလ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်**

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွားမှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှိုများစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်၊

**အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -**


မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း


မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း


မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း


ထီးရွက်အောက်ပါးဟက်များဖြူခြင်း


မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း


အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ** - မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်၊ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ်အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ် မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ်ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Noun (နာမ်) များအကြောင်း အသေးစိတ် ဆက်လက်ဖော်ပြ ပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about free time activities in English (အားလပ်ချိန်လှုပ်ရှားဆောင်ရွက်မှုအကြောင်း အင်္ဂလိပ်လို ဘယ်လိုပြောမလဲ) ဆိုတာကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာ ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံးအီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

*(ယခင်အပတ်မှ အဆက်)*

Exercise (1) မှအဖြေများ

| Noun | Pro–noun | Adje–ctive | Verb | Adverb | Prepo–sition | Conju–nction | Inter–jection |
|---|---|---|---|---|---|---|---|
| Mary | me | won–derful | lives | quickly | on | and | Oh! |
| Jackie | her | large | met | slowly | at | but | Hush! |
| | my | big | bought | fast | | | |
| | she | old | | well | | | |

Exercise (2) မှအဖြေများ

1. brother/ store/ car/= Noun
2. plays = Verb
3. large happy = Adjective
4. against = Preposition
5. either = Conjunction
6. Ouch! = Interjection
7. early/ safely = Adverb
8. my = Pronoun
9. and = Conjunction
10. They = Pronoun
11. Josephine = Noun

ရက်သတ္တပတ်တစ်ပတ်၏ ရက်များ၊ လများနှင့်ဆိုင်သော တစ်ဦးဆိုင်နာမ်များ

Days (ရက်များ)

- Sunday (တနင်္ဂနွေ)
- Monday (တနင်္လာ)
- Tuesday (အင်္ဂါ)
- Wednesday (ဗုဒ္ဓဟူး)
- Thursday (ကြာသပတေး)
- Friday (သောကြာ)
- Saturday (စနေ)

Months (လများ)

- January (ဇန်နဝါရီ)
- February (ဖေဖော်ဝါရီ)
- March (မတ်)
- April (ဧပြီ)
- May (မေ)
- June (ဇွန်)
- July (ဇူလိုင်)
- August (ဩဂုတ်)
- September (စက်တင်ဘာ)
- October (အောက်တိုဘာ)
- November (နိုဝင်ဘာ)
- December (ဒီဇင်ဘာ)

နှစ်တစ်နှစ်၏ ပထမဆုံး လမှာ ဇန်နဝါရီလဖြစ်သည်။ သီတင်းပတ်တစ်ပတ်၏ ပထမဆုံး ရက်မှာ တနင်္ဂနွေနေ့ဖြစ်သည်။

မြစ်၊ ချောင်း၊ အင်းအိုင်၊ သမုဒ္ဒရာ၊ ရေတံခွန်၊ တောင်စဉ်တောင်တန်းများနှင့်ဆိုင်သော တစ်ဦးဆိုင်နာမ်များ

- Mount Everest (ဧဝရက်တောင်)
- the Thames (သိမ်းမြစ်)
- Niagara Falls (နိုင်ယာဂါရာ ရေတံခွန်)
- Lake Michigan (မီချီဂန်ရေအိုင်)
- the Alps (အက်ပ်တောင်တန်းများ)
- the Dead Sea (ပင်လယ်သေ)
- Mount Fuji (ဖူဂျီတောင်)
- the Himalayas (ဟိမဝန္တာတောင်တန်းများ)
- the Pacific Ocean (ပစိဖိတ်သမုဒ္ဒရာ)
- the Yellow River (မြစ်ဝါမြစ်)
- the Ayeyawaddy (ဧရာဝတီမြစ်)
- the Gulf of Moattama (မုတ္တမကွေ့)
- the East Indies (အရှေ့အိန္ဒိယကျွန်းစု)
- the Suez Canal (စူးအက်တူးမြောင်း)

တောင်စဉ်တောင်တန်းများ၏အမည်များ၊ မြစ်၊ ချောင်း၊ အင်းအိုင်၊ ပင်လယ်သမုဒ္ဒရာများ၏အမည်များရှေ့တွင် "the" ကို ထည့်ပြီးသုံးနိုင်သည်။

သင်္ဘော၊ ရုပ်ရှင်ရုံ၊ သတင်းစာ စသည်တို့နှင့်သက်ဆိုင်သော တစ်ဦးဆိုင်နာမ်များ

- the Titanic (တိုင်တန်းနစ်)
- the City Hall (မြို့တော်ခန်းမ)
- the Guardian (ဂါးဒီးယန်းသတင်းစာ)
- the Kyemon (ကြေးမုံနေ့စဉ်သတင်းစာ)
- the Myanma Alinn Daily (မြန်မာ့အလင်းနေ့စဉ်သတင်းစာ)
- the Working People's Daily (လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ)

ပွဲတော်များ၊ အထူးတလည်ကျင်းပသော အထိမ်းအမှတ် အခမ်းအနားများ၊ အားလပ်ရက်များနှင့် သက်ဆိုင်သော တစ်ဦးဆိုင်နာမ်များ

- Valentine's Day (ချစ်သူများနေ့)
- Father's Day (အဖေများနေ့)
- Halloween (ဟောလိုးဝင်းပွဲတော်)
- New Year's Day (နှစ်သစ်ကူးနေ့)
- Christmas (ခရစ်စမတ်ပွဲတော်)
- Memorial Day (အောက်မေ့ဖွယ်နေ့)
- Labor Day (အလုပ်သမားနေ့)
- Independence Day (လွတ်လပ်ရေးနေ့)
- Mother's Day (အမေများနေ့)
- Thanksgiving Day (ကျေးဇူးတော်နေ့)
- St. Patrick's Day (စိန့်ပက်ထရစ်နေ့)
- Water Festival (Thingyan Festival) သင်္ကြန်ပွဲတော်

## VOCABULARY ENRICHMENT PROGRAMME

1. to see red (ထောင်းကနဲဒေါသထွက်သည်)
   Her remarks really made me see red.
   သူ့ရဲ့မှတ်ချက်က ကျွန်တော့်ကို ထောင်းကနဲဒေါသထွက်စေတယ်။
2. to sow the seed (တစ်စုံတစ်ယောက်၏စိတ်ထဲတွင် စိတ်ကူး၊ ခံစားချက်စသည်ဖြစ်ပေါ်စေသည်)
   Opponents have succeeded in sowing the seed of suspicious in our team.
   အတိုက်အခံများဟာ ကျွန်ုပ်တို့ရဲ့အဖွဲ့မှာ သံသယဖြစ်ဖွယ်မျိုးစေ့ကို ကြဲချ အောင်မြင်ခဲ့ကြတယ်။
3. to set forth (ခရီးစတင်သည်)
   We set forth to enjoy the countryside.
   ကျေးလက်ဒေသရဲ့ အေးချမ်းမှုကိုခံစားဖို့ ကျွန်တော်တို့ ခရီးစထွက်ခဲ့တယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။*
*နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



*(How to talk about the weather မှအဆက်)*

- **It + is/was + Ving + now/at that time**
  It is snowing now.
  It is hailing at that time.
- **What/How + a + Adjective + Noun**
  What gloomy weather we're having! (ဘယ်လောက်မှုံမှိုင်းတဲ့ရာသီဥတုကြီးကို ငါတို့ကြုံတွေ့နေတာလဲ)

**Good sailing weather**

**John:** Hi, Lewis. I hope it's not too early to phone. Is there any chance of going sailing?

**Lewis:** Yes, sure. What's the weather like there? Is there any chance of going sailing?

**John:** It's warm and sunny, but it's a bit breezy. In fact it's perfect weather for sailing. How's the weather with you?

**Lewis:** That's great news about the sailing. It's a dreadful day here. It's pouring and it's quite misty. I'll be glad to get away from it. Yesterday it was very stormy and it was chilly too.

**John:** It's been beautiful here all week, although it was a bit changeable earlier in the month but you should be all right.

**Lewis:** That's good. I'll see you later!

**How to talk about free time activities**

Two friends are meeting on the road and talking about their free time activities. Let's dive into our conversation what they are talking about.

**In conversation**

**Rachael:** What else do you like doing in your free time, Thomas?

**Thomas:** Well, there's a swimming pool near my house and I go there pretty often with my friends. It's great fun! Other times, my brother and I go to our cousins' house and we have pizza and watch movies together. Or we play basketball in the backyard. We have such a great time together. We also like going to soccer matches together. Soccer is such a beautiful game. You can watch players do amazing things. It's one of the best games in the world. I also like going hiking and camping with my family in my free time. I like it because you can see a lot of beautiful landscapes. Sleeping in a tent is so amazing, because I love spending time in nature. Sometimes, I play video games. It's awesome. What about you, Rachel? How often do you go for a bike ride?

**Rachel:** Well, not so often. I do it mostly on weekends. I usually go for bike rides with my friends.

**Thomas:** What other things do you like doing in your spare time? Do you like watching TV?

**Rachel:** No, I don't like it very much. I prefer listening to music or playing the piano. I play the piano only when I need to relax. After doing my homework or when I had a hard day at school. I also love going to concerts in my free time. It's such an incredible experience. I think it's so great being in a crowd of people who feel the same way you do. What about outdoor activites? I can see you enjoy jogging, Thomas!

**Thomas:** Yes, jogging and baseball. I joined a baseball club and I go there twice a week.

**Rachel:** I can see you are really into sports, Thomas.

**Thomas:** Yeah, I'm a very active person. I also love horse back riding. Horese are so beautiful and strong. Horses bring me so much joy! Well! I have to go now. It was nice talking to you. See ya!

**Language focus (ဘာသာစကားရှုထောင့်)**

- What else do you like doing in your free time?
  မင်းအားလပ်ချိန်မှာ ဘာလုပ်ရတာကြိုက်လဲ။
- like going to soccer matches together (like + Ving = တစ်ခုခုလုပ်ရတာကြိုက်ရင်သုံး) ဘောလုံးပွဲအတူတူ သွားကြည့်ရတာ ကြိုက်တယ်။
- I also love going to concerts in my free time. (love + Ving = အရမ်းကြိုက်တယ်ဆိုသုံး) ဂီတဖျော်ဖြေပွဲ သွားကြည့်ရတာ အရမ်းကြိုက်တယ်။
- you are really into sports (are really into something = တစ်ခုခုမှာ အရမ်းစိတ်ဝင်စားရင်သုံး) အားကစားမှာ မင်းက အရမ်းစိတ်ဝင်စားတာပဲ။

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# WTA Finals အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ပထမနေ့တွင် ရှိုင်ဘာကီနာက အနီဆီမိုဗာကို အနိုင်ရ


■ ရှိုင်ဘာကီနာ
■ ဆွီယာတက်ခ်

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပလျက်ရှိသည့် WTA Finals အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ပထမနေ့တွင် နာမည်ကြီး ကာဇက်စတန်တင်းနစ်မယ် အီလန်နာ ရှိုင်ဘာကီနာက အမေရိကန်နာမည်ကျော် တင်းနစ်မယ် အမန်ဒါအနီဆီမိုဗာကို ၆-၃၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

အဆိုပါ ပြိုင်ပွဲမှာ တစ်နှစ်တာကာလအတွင်း အကောင်းဆုံး စွမ်းဆောင်ရည် ပြသနိုင်ခဲ့ကြသည့် ထိပ်တန်းတင်းနစ်မယ် ရှစ်ဦးသာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့် ရရှိသည့် ပြိုင်ပွဲဖြစ်သည်။ ယခုနှစ် WTA Finals တစ်ဦးချင်းပြိုင်ပွဲသို့ ထိပ်တန်းတင်းနစ်မယ်များ ဖြစ်သည့် ဆာဘယ်လင်ကာ၊ ပါအိုလီနီ၊ ကိုကိုဂေါ့ဖ်၊ ပဲဂူလာ၊ အနီဆီမိုဗာ၊ ရှိုင်ဘာကီနာ၊ ဆွီယာတက်ခ်နှင့် မက်ဒီဆင်ကီးစ်တို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

ရှိုင်ဘာကီနာသည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် နင်ဘိုအိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြိုင်ဘက် အဲလက်ဇန်ဒရိုဗာကို ၃-၆၊ ၆-၀၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးထားနိုင်သူဖြစ်သည်။

ရှိုင်ဘာကီနာသည် WTA Finals ပြိုင်ပွဲ ဒုတိယနေ့တွင် နာမည်ကြီး ဆွီယာတက်ခ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဆွီယာတက်ခ်သည် WTA Finals ပြိုင်ပွဲ ပထမနေ့တွင် အမေရိကန်တင်းနစ်မယ် မက်ဒီဆင်ကီးစ်နှင့် တွေ့ဆုံခဲ့ပြီး ၆-၁၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိထားသည်။

ဆွီယာတက်ခ်သည် စက်တင်ဘာလက ယှဉ်ပြိုင်ကစားခဲ့သည့် ကိုရီးယားအိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အဲလက်ဇန်ဒရိုဗာကို အကြိတ်အနယ်ကစားကာ ၁-၆၊ ၇-၆ (၇-၃)၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးထားနိုင်သူ ဖြစ်သည်။

## ဗလင်စီယာကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားကို ရီးရဲမက်ဒရစ် ဆက်လက်ဦးဆောင်

စပိန်လာလီဂါပွဲစဉ် (၁၁) အဖြစ် နိုဝင်ဘာ ၂ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် အမှတ်ပေးဇယားဦးဆောင်သူ ရီးရဲမက်ဒရစ်နှင့် ဗလင်စီယာအသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက အသင်းအဓိက တိုက်စစ်ကစားသမား အမ်ဘာပေ၏ သွင်းဂိုးများနှင့်အတူ လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

တန်းဆင်းဇုန်အတွင်း ကျရောက်နေပြီး ရမှတ်လိုအပ်ချက်ရှိနေသည့် ဗလင်စီယာအသင်းသည် တုံ့ပြန်ကစားနိုင်ခြင်းမရှိဘဲ ရီးရဲမက်ဒရစ်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်တစ်လျှောက် ဟန့်တားကာကွယ်ခဲ့ရသည်။



ရီးရဲမက်ဒရစ်အသင်းသည် ခြေစွမ်းအသာ၊ ဂိုးပေါက်ကန်သွင်းမှုအသာဖြင့် တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့ပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုနိုင်ပွဲကြောင့် လာလီဂါ ၁၁ ပွဲကစားပြီး ၁၀ ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

အခြားပွဲစဉ်ရလဒ်တွင် ဆိုစီဒက်က ဘီလ်ဘာအိုကို အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။



## ဆင်းနားက ဇီဗာရက်ဗ်ကို အနိုင်ယူပြီး Paris Masters ဗိုလ်လုပွဲ တက်လှမ်း

အီတလီနာမည်ကျော်တင်းနစ်ကစားသမား ဂျန်းနစ်ခ်ဆင်းနားသည် Paris Masters အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ဂျာမနီတင်းနစ်ကစားသမား အဲလက်ဇန်းဒါး ဇီဗာရက်ဗ်ကို ၆-၀၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

ဆင်းနားသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ဗီယင်နာအိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အဲလက်ဇန်းဒါး ဇီဗာရက်ဗ်ကို အနိုင်ယူကာ ဖလားဆွတ်ခူးထားနိုင်သူ ဖြစ်သည်။

ဆင်းနားသည် Paris Masters ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ကနေဒါ တင်းနစ်ကစားသမား ဖီးလစ်အူဂါအလီယာဆီမီနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အလီယာဆီမီသည် ဆီမီးဖိုင်နယ်တွင် ကာဇက်စတန်တင်းနစ်ကစားသမား ဘွတ်လစ်ခ်နှင့် တွေ့ဆုံခဲ့ပြီး ၇-၆ (၇-၃)၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၁၀) မှ ဆန်းဒါးလန်းနဲ့ အဲဗာတန်အသင်းပွဲစဉ်ကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နိုင်ပွဲဆက်နေတဲ့ ဆန်းဒါးလန်းနဲ့ ရှုံးပွဲဆက်နေတဲ့ အဲဗာတန်အသင်းတို့ ဆုံတွေ့နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။

# အဲဗာတန်ရဲ့ ရှုန်းအားကြောင့် ဆန်းဒါးလန်းအသင်း အခက်တွေ့နိုင်တယ်




**ဆန်းဒါးလန်း VS အဲဗာတန် နံနက် ၂း၃၀**

ဆန်းဒါးလန်းက ဒီရာသီမှာ အတော်လေး ခြေစွမ်းထက်မြက်နေတယ်။ ပြိုင်ဘက်အဲဗာတန်က ခြေစွမ်းသာမန်ရှိပြီး ပွဲစဉ်တိုင်း ခက်ခက်ခဲခဲ ရှုန်းကန်ရလေ့ရှိတယ်။ အဲဗာတန်က ဒီရာသီ ယှဉ်ပြိုင်ကစားခဲ့တဲ့ အဝေးကွင်း လေးပွဲမှာ သုံးပွဲအထိ ရှုံးနိမ့်ထားတယ်။ ပြိုင်ဘက်ဆန်းဒါးလန်းက ဒီရာသီအိမ်ကွင်းလေးပွဲမှာ သုံးပွဲအထိ နိုင်ပွဲရရှိထားတယ်။ ဒါကြောင့် အဝေးကွင်းစွမ်းဆောင်ရည်အားနည်းတဲ့ အဲဗာတန်အသင်း အနေနဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းတဲ့ ဆန်းဒါးလန်းကို အနိုင်ရဖို့ မလွယ်ဘူး။ အဲဗာတန်အသင်းရဲ့ ရှုန်းအားကြောင့် ဆန်းဒါးလန်းအသင်း အခက်တွေ့နိုင်ပေမယ့် ရမှတ်အပြည့် ရယူသွားဖွယ်ရှိတယ်။




■ စောင့်ကြည့်ရမယ့်ကစားသမား

ဂရာနစ် ရှာကာ
ဆန်းဒါးလန်း (ကွင်းလယ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၃

**ဆန်းဒါးလန်းနဲ့ အဲဗာတန်တို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှု သုံးပွဲရလဒ်**

| | | |
|---|---|---|
| **ဆန်းဒါးလန်း** | ၃-၀ | အဲဗာတန် |
| **ဆန်းဒါးလန်း** | ၂-၀ | အဲဗာတန် |
| ဆန်းဒါးလန်း | ၀-၃ | **အဲဗာတန်** |

■ စောင့်ကြည့်ရမယ့်ကစားသမား

ဂျက် ဂရီးလစ်ချ်
အဲဗာတန် (ကွင်းလယ်)
သွင်းဂိုး + ဂိုးဖန်တီးမှု = ၅

## လေဗာကူဆင်ကို ဂိုးပြတ်အနိုင်ယူပြီး ရာနှုန်းပြည့်နိုင်ပွဲ ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည့် ဘိုင်ယန်မြူးနစ်

ဘွန်ဒက်စ်လီဂါပွဲစဉ် (၉) တွင် အမှတ်ပေးဇယားဦးဆောင်သူ ဘိုင်ယန်မြူးနစ်က လေဗာကူဆင်ကို သုံးဂိုးပြတ်အနိုင်ရရှိပြီး ရာနှုန်းပြည့် နိုင်ပွဲကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်ကို နိုဝင်ဘာ ၂ ရက် နံနက်အစောပိုင်းက အဲလီးနက်ဇ် အရီနာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။ နည်းပြ ကွန်ပနီ၏ ဘိုင်ယန်မြူးနစ်အသင်းသည် လိဂ် ကိုးပွဲဆက် နိုင်ပွဲရရှိခဲ့သည့်အပြင် ယခုနှစ်ရာသီ ယှဉ်ပြိုင်ကစားထားသည့် ပြိုင်ပွဲစုံ ၁၅ ပွဲတွင်လည်း ၁၅ ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုအနိုင်ပွဲကြောင့် ဒုတိယနေရာမှ လိုက်ပ်ဇစ်အသင်းကို ငါးမှတ်အထိ ဖြတ်တောက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။


■ မိုးဇက်-စုစည်းရေးသားသည်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## တောင်ကြီးတန်ဆောင်တိုင်ပွဲတော် စည်ကားများပြားလျက်ရှိ

တောင်ကြီး နိုဝင်ဘာ ၂

၂၀၂၅ ခုနှစ် တောင်ကြီးမြို့၏ ရိုးရာမပျက်တန်ဆောင်တိုင်ပွဲတော်ကို ယမန်နေ့က အဝေရာမီးပုံးပျံကွင်း၌ စတုတ္ထညတွင် မိုးရွာသွန်းနေသော်လည်း ဖွဲမလျှော့သောလုံ့လဖြင့် ကွင်းလုံးပြည့်လျှံ ရပ်နီးရပ်ဝေးမှ ပွဲတော်လာဧည့်ပရိသတ်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ကြက်ပျံမကျ စည်ကားသိုက်မြိုက်စွာ လာရောက်၍ မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်နေမှုများနှင့် ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်စတုတ္ထညတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်သည့် ကွင်းအတွင်းဆင်း၍ စိန်နားပန်မီးပုံးပျံလွှတ်တင်နေမှုကို ကြည့်ရှုအားပေးပြီး စိန်နားပန်မီးပုံးပျံအား မီးပုံးလေးများ ချိတ်ဆွဲပေးကြကြောင်း သိရသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် စတုတ္ထညတွင်လည်း ခေတ်ပေါ်တေးဂီတဖြင့် ဒေသခံအဆိုတော်များက ဖျော်ဖြေတင်ဆက်ကြပြီး ညမီးကြီးမီးပုံးပျံ ခြောက်လုံး၊ စိန်နားပန်မီးပုံးပျံ ငါးလုံး စုစုပေါင်း ၁၁ လုံး လွှတ်တင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

## အိမ်ပြင်ပဉ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## တပ်ကုန်းမြို့၌ မြန်မာ့ရိုးရာနွားအလှနှင့် နွားလှည်းယဉ်ကြော့ပြိုင်ပွဲ ဒုတိယရက် ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် နိုဝင်ဘာ ၂



နေပြည်တော် တပ်ကုန်းမြို့နယ် မြို့နယ်လုံးဆိုင်ရာ (၅၅) ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်ကြီးတွင် အလှပဒေသာပင်များ၊ စျေးဆိုင်များ၊ နိုင်ငံကျော်အဆိုတော် စတိတ်ရှိုးလှည့်ကား၊ မြန်မာ့ရိုးရာ နွားအလှနှင့်နွားလှည်းယဉ်ကြော့ပြိုင်ပွဲ၊ မီးပုံးပျံလွှတ်တင်ခြင်းများ ပါဝင်လျက်ရှိရာ ပွဲတော်ကြီးကို အောက်တိုဘာ ၃၁ ရက် (တန်ဆောင်မုန်းလဆန်း ၁၁ ရက်) က စတင်ကျင်းပရာ ယနေ့နံနက်ပိုင်းက နွားအလှနှင့် နွားလှည်းယဉ်ကြော့ပြိုင်ပွဲ ဆက်လက်ကျင်းပသည်။

တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန် ပွဲတော်ကြီးကျင်းပလာသည်မှာ ယခုအကြိမ်အပါဝင် (၅၅)ကြိမ်မြောက်ပွဲတော်ဖြစ်ကြောင်း၊ မြို့နယ်သူ မြို့နယ်သားများက သံဃာတော်သုံးပစ္စည်းမျိုးစုံများကို အခြေခံပညာကျောင်းများအလိုက်၊ ရပ်ကွက်များအလိုက်၊ မိသားစုအလိုက်၊ တစ်ဦးချင်းအလိုက် အလှပဒေသာပင်များစည်းကာ မြို့နယ်ဗုဒ္ဓသာသနာပြု ဗိမာန်တော်ရင်ပြင်တွင် ငါးရက်၊ ငါးညတိုင်တိုင် ကြည်ညိုသဒ္ဓါပွားနိုင်ရေး အလှပြသထားရှိ၍ လှူဒါန်းမှုပစ္စည်းများကို ရေစက်သွန်းချ အမှျပေးပြီး လှူဒါန်းပစ္စည်းများ ခွဲဝေစုပုံကာ မဲစနစ်ဖြင့် ကထိန်အာနိသင်ရဘုန်းတော်ကြီးကျောင်းများကို လှူဒါန်းပေးကြောင်း ဗုဒ္ဓသာသနာပြုဗိမာန်တော်ဂေါပက တစ်ဦး၏ ပြောပြအရ သိရသည်။

အဆိုပါ ပွဲတော်ကြီးတွင် မြန်မာ့ရိုးရာနွားအလှနှင့် လှည်းယဉ်ကြော့ပြိုင်ပွဲ၌ နွားအလှနှင့် လှည်းယဉ်ကြော့ ၂၈ စီး အနက်မှ ပထမရက်နှင့် ဒုတိယရက် ယှဉ်ပြိုင်ခဲ့ပြီး သပြေချောင်း၊ တိုးလေး၊ ရွှေဆည်းသား၊ ဖိုးသားဘင်လာဒင်၊ ကျားညီနောင် (၁)၊ ဥသျှစ်ကုန်း၊ ရွှေမင်းသား၊ ကျားညီနောင် (၂)၊ ရွှေကြက်သွန်ခင်း(၁)၊ ဒို့အနော်ရထာ(၂) စုစုပေါင်း နွားအလှနှင့်လှည်းယဉ်ကြော့ ၁၀ စီးတို့ ဗိုလ်လုပွဲတက်ရောက် သွားကြောင်းနှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်သူများ၊ ပရိသတ်များ လာရောက်အားပေးကြည့်ရှုကြကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့် နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့ကမော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသော နေရာ၊

(ခ) လမ်းဆုံလမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊

(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊

(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကိုလျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၁ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လျှပ်စစ်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၅၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၃၁ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၂၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**






## မင်္ဂလာဒုံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ သက်ကြီးအမျိုးသမီး တစ်ဦးသေဆုံး

**နေပြည်တော် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ နိုဝင်ဘာ ၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရန်ကုန်-ပြည်လမ်းမ လမ်းသစ်မှတ်တိုင်အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ် (၉) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပျဉ်းမနားမြို့နယ် ရွာကောက်ကျေးရွာနေ ထိုက်စံ(၃၉နှစ်)သည် ၎င်းမောင်းနှင်သည့် BGO-11 7Q/--- ISUZU မော်တော်ယာဉ်အား နောက်ဆုတ်စဉ် ယာဉ်၏နောက်တွင်ရှိနေသည့် ထောက်ကြန့်မြို့ တောင်ပိုင်းရပ်ကွက်နေ ဒေါ်အေးမြိုင် (၈၅နှစ်)အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်အေးမြိုင်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် ထိုက်စံအား ထောက်ကြန့်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




## တာချီလိတ်မြို့နယ်နှင့် သရက်မြို့နယ်တို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တို့၌ နိုဝင်ဘာ ၁ ရက်က နှစ်လုံး/သုံးလုံး လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁ ရက် နံနက် ၁၁နာရီခွဲတွင် တာချီလိတ်မြို့ ပုန်းထွန်းရပ်ကွက်ရှိဒေါ်မိုးသီတာ ၅၆ နှစ်၏ ဈေးဆိုင်၌ နှစ်လုံး/သုံးလုံး လောင်းကစားပြုလုပ်နေကြောင်းသတင်းအရ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား ဈေးဆိုင်အတွင်းရှိ စားပွဲခုံ၌ နှစ်လုံး/သုံးလုံး ရောင်းချရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေ မြန်မာငွေစက္ကူရောရာငွေကျပ် ၂၅၉၉၀၀၊ ထိုင်းဘတ်ငွေ ၉၄၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မိုးသီတာအား တာချီလိတ်မြို့မရဲစခန်းက လောင်းကစားဥပဒေဖြင့်လည်းကောင်း၊

အလားတူ ညနေ ၃ နာရီတွင် သရက်မြို့ အမှတ် (၆) ရပ်ကွက်နေ ဟိန်းမင်းထွန်း(၃၄)နှစ်၏ နေအိမ်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သရက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်အောက်ထပ်၌ သုံးလုံးလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးခဲ့သဖြင့် ဟိန်းမင်းထွန်းအား သရက်မြို့မ ရဲစခန်းက လောင်းကစားဥပဒေဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန်**

**ကျပ်အောင်ပိတ်ပါ။**

**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ခဲတင်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဖော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# လွိုင်ကော်မြို့ရှိ သမိုင်းဝင် ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ သမိုင်းဝင် ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲကို ယနေ့ နံနက်ပိုင်းက စေတီတော်ရင်ပြင်တော်၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆရာတော် ဘဒ္ဒန္တပညာစက္က အမှူးပြုသော သံဃာတော်အရှင်သူမြတ်များက မြို့နာမ်စေတီတော် ဂန္ဓကုဋိတိုက်၊ အာရုံခံတန်ဆောင်းများနှင့် ဓမ္မာရုံများရှိ ဗုဒ္ဓရုပ်ပွားတော်များအား အနေကဇာတင်လှူ ပူဇော်ကြသည်။

ထို့နောက် အလှူတော်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က ကိုးပါးသီလ ခံယူဆောက်တည်ပြီး ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် မြို့နာမ်စေတီတော်နှင့် အရံစေတီတော်များ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရန် လှူဒါန်းမှုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များက လက်ခံရယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် တတိယအကြိမ်မြောက် တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၂**

ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဖလား ၂၀၂၅ ခုနှစ် တိုင်းရင်းသား မျိုးနွယ်စုပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံး ပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲက ပြည်နယ်ပြည်သူ့ အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်း၌ ဌာနေတိုင်းရင်းသား မျိုးနွယ်စုပေါင်းစုံ၊ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကား ပြောကြားပြီး ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းပြီး ဘောလုံးပြိုင်ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကာ မျိုးနွယ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ကြောင်း ကြေညာကာ ဘင်ခရာ အတီးအမှုတ်များနှင့် အတူ မိုးပျံပူဖောင်းများ လွှတ်တင်ဖွင့်လှစ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တိုင်းရင်းသားစာပေယဉ်ကျေးမှု အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ပြိုင်ပွဲဝင် ကချင်တိုင်းရင်းသားမျိုးနွယ်စု အသင်းများဖြစ်သည့် ဂျိမ်းဖော၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်းဝါး၊ လီဆူ၊ ရဝမ် မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းတိုင်းရင်းသားမျိုးနွယ်စု အသင်းများဖြစ်သည့် တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းလေ၊ တိုင်းဆာ၊ တိုင်းခမ်းတီ မျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသား မျိုးနွယ်စုအပါအဝင် ဘောလုံးအသင်း ၁၂ သင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားမျိုးနွယ်စုအလိုက် လာရောက်ကြည့်ရှုအားပေးသူများ၊ဘောလုံးချစ်ပရိသတ်များနှင့် အတူ ဖွင့်ပွဲအထိမ်းအမှတ် လော်ဝေါ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို လည်းကောင်း၊ တိုင်းလိုင်နှင့် တိုင်းဆာ ရှမ်းတိုင်းရင်းသား မျိုးနွယ်စုများ၏ အကအလှဖြင့် ဖျော်ဖြေတင်ဆက်မှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေရေးအကအဖွဲ့များနှင့် ဖွင့်ပွဲတွင် ပါဝင်ကူညီခဲ့ကြသည့် ဘင်ခရာနှင့်ကျောင်းသူများအား ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်ကာ တိုင်းရင်းသားမျိုးနွယ်စုဘောလုံးအသင်း ၁၂ သင်းတို့အတွက် တစ်သင်းလျှင်ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ်သိန်း ၁၂၀ ကို ထောက်ပံ့ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက အဖွင့်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ လော်ဝေါ်မျိုးနွယ်စု ဘောလုံးအသင်းနှင့် တိုင်းလုံရှမ်းမျိုးနွယ်စုဘောလုံးအသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့ နံနက်ပိုင်းက ပြည်နယ် ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့နယ် မော်ဖောင်း ကျေးရွာအုပ်စုအတွင်း ဖော်ထုတ်လျက်ရှိသော အားကစားနှင့် ကာယပညာသိပ္ပံကျောင်း၊ ကွန်ပျူတာတက္ကသိုလ်နှင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ မြေနေရာများအပါအဝင် ကျေးရွာတိုးချဲ့ကွက်သစ် မြေနေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မော်ဖောင်းကျေးရွာအုပ်စုအတွင်း ကွင်းအမှတ် (OSS-၂၈၂) ပိတောင်ပယ်ဖျက် ကွင်းအတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာဧက ၄၈၀ အတွင်း ဌာနဆိုင်ရာမြေနေရာ သတ်မှတ်လျာထားပြီးစီးမှု၊ ပတ်လမ်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာတိုးချဲ့ကွက်သစ်မြေဧရိယာကို အဆောက်အဦနှင့် အိုးအိမ်ဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများက မြေပြင်အခြေအနေ ကွင်းဆင်းတိုင်းတာ၍ အိမ်ရာမြေကွက်များ၊ ဈေး၊ ကျောင်းနှင့် ကစားကွင်းများ၊ လမ်းသွယ်များနှင့် ရေကျော်တံတားတည်ဆောက်မည့် မြေနေရာများ သတ်မှတ်လျာထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သော နေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊


**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# လေဖိအားနည်းရပ်ဝန်း ရခိုင်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြစ်ဝကျွန်းပေါ် ကမ်းလွန်ဒေသများသို့ ရောက်ရှိနိုင်


**နေပြည်တော် နိုဝင်ဘာ ၂**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြစ်ဝကျွန်းပေါ် ကမ်းလွန်ဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ **မိုး/ဇလ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၅-၁၁-၂၀၂၅ ရက်နေ့မှ ၆-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ အထက်ပင့်တက်လေအားကောင်းရာမှ ဒေါင်လိုက်တိမ်ဖြစ်ထွန်းမှု အားကောင်းသည့်အတွက် မိုးတိမ်တောင်များဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း နိုဝင်ဘာ ၃ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



# ပန်းတောင်းနှင့် ပေါင်းတည်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းများအဆင့်မြှင့်တင်

**ပန်းတောင်း နိုဝင်ဘာ ၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးထွန်းဝေ (ပဲခူးတိုင်းတာဝန်ခံ)သည် အောက်တိုဘာ ၂၉ ရက်က ပန်းတောင်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဦးစွာ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ(ပဲခူးတိုင်းတာဝန်ခံ)သည် ပြည်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးဝဏ္ဏနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာအဖွဲ့တို့နှင့်အတူ ပန်းတောင်းမြို့နယ်သို့သွားရောက်ပြီး ပန်းတောင်း-ဒေါင်းမြတ်နားလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူကာ (၂/၅ မိုင် မှ ၃/၀ မိုင်အတွင်း) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပေါင်းတည်မြို့နယ် ဘုရားငါးဆူ-နွားခြံကုန်းလမ်း လမ်းတာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ အဆိုပါ ပေါင်းတည်မြို့နယ်ရှိ ဘုရားငါးဆူ-နွားခြံကုန်းလမ်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် VFE ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး လမ်းတာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သက်ထက်**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။




၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# ဝါသီးနှံတစ်ဧက ပိဿာ ၇၀၀ ထွက်ရှိရေး ပန်းတိုင်ရည်မှန်းချက်ထား ဆောင်ရွက်မည်

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ၏ စားရေရိက္ခာ ဖူလုံပြည့်စုံစေရန်အတွက် အဓိကရည်မှန်းချက် ပန်းတိုင်သီးနှံ ၁၃ မျိုးအဖြစ် သတ်မှတ်စိုက်ပျိုးရာတွင် စက်မှုကုန်ကြမ်းဝါသီးနှံသည်လည်း တစ်ခုအပါအဝင်ဖြစ်၍ ၂၀၂၄-၂၀၂၅ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ထိ လေးနှစ်တာကာလအတွင်း တစ်ဧက ပျမ်းမျှအထွက်နှုန်း ပိဿာချိန် ၇၀၀ ထွက်ရှိရေးအတွက် ကြိုးပမ်းစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ဝါနှင့်လျှော်မျှင်ထွက် သီးနှံဌာနခွဲမှသိရသည်။

"၂၀၂၄-၂၀၂၅ ခုနှစ်မှာ စိုက်ဧကငါးသိန်းကျော်ကို စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ပါတယ်။ တစ်နိုင်ငံလုံးစိုက်ဧကငါးသိန်းကျော်မှာ တစ်ဧကပျမ်းမျှ ၅၀၉ ပိဿာထွက်ရှိခဲ့တာကြောင့် တစ်နိုင်ငံလုံးအတွက် ပိဿာချိန်သိန်းပေါင်း ၂၆၃၀ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၂၇-၂၀၂၈ ခုနှစ်ထိ ဒီလေးနှစ်တာကာလအတွင်းမှာ တစ်ဧကပိဿာချိန် ၇၀၀ ထွက်ရှိရေးနဲ့ အရည်အသွေး ကောင်းချည်မျှင်ရှည်ဝါထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နှစ်စဉ်ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ ခုနစ်ခြံကနေ အခြေခံမျိုးသန့်အဆင့်(foundation seed) မျိုးစေ့တွေကို ဆက်လက်ပွားများ ထုတ်လုပ်နိုင်ဖို့ဧက နှစ်သောင်းစာ ကြိုတင်ထုတ်လုပ်ပြီး ဝါစိုက်ပျိုးတဲ့ ပြည်နယ်၊ တိုင်းဒေသကြီးအားလုံးကို ဖြန့်ဖြူးပေးပါတယ်။ ဒီအခြေခံမျိုးသန့်မျိုးစေ့တွေနဲ့ မျိုးပြန့်ပွားရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းတွေကိုလည်း ကျွန်တော်တို့စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်နေပါတယ်" ဟု ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိန်းက ပြောသည်။



မြန်မာနိုင်ငံတွင် ဝါစိုက်တောင်သူအများဆုံး စိုက်ပျိုးသည့် ပြည်တွင်းဝါသီးနှံမျိုးများမှာ ရွှေတောင်(၁၀)၊ ရွှေတောင်(၈)၊ ငွေချည်(၁၁)စသည်တို့ဖြစ်ပြီး ပြည်ပစပ်မျိုးများဖြစ်သည့် RAKA (ရာကာ) ၆၆၆၊ B-31 နှင့် ငွေနှင်းမှုန် ၇၁၁ ဝါသီးနှံမျိုးများကိုလည်း ဝါစိုက်တောင်သူများက ကြိုက်နှစ်သက်ကြပြီး ဒုတိယအများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

အဆိုပါ ဝါသီးနှံကို ပြည်တွင်းထုတ်ကုန်အဖြစ် အဆင့်မြင့်ချည်ထည်ထုတ်လုပ်နိုင်ရန် ပြည်တွင်းဝါမျိုးစေ့ထုတ်ကုမ္ပဏီတစ်ခုမှ KTK(1)စပ်မျိုးချည်မျှင်ရှည်ဝါမျိုးတစ်မျိုးကိုလည်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မိုးကြိုဝါသီးနှံ စိုက်ပျိုးထုတ်လုပ်ရန်အတွက် ဆည်ရေ၊ ကန်ရေ၊ မြေအောက်ရေရရှိသည့် ဒေသများတွင်သာ စိုက်ပျိုးနိုင်ပြီး မိုးလယ်နှင့် မိုးနှောင်းချည်မျှင်ရှည်ဝါများကိုမူ မိုးကောင်းသောက်ဒေသများမှာ အများဆုံးစိုက်ပျိုးကြကြောင်း၊ ဝါသီးနှံ အများဆုံးစိုက်ပျိုးသည့် ဒေသများမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ဖြစ်ကြပြီး နေပြည်တော်၊ ပဲခူးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။


**ကိုပေါက်(ဥက္ကာမြေ)**

---

❖ *ကျောဖုံးမှ*

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြစ်ဝကျွန်းပေါ်ကမ်းလွန်ဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

**မိုး/ဇလ**




---

## ပန်းဘဲတန်းမြို့နယ် ကျောက်မျက်ရတနာနှင့်ရွှေလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများကို အခွန်အသိပညာပေးဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂**

ပန်းဘဲတန်းမြို့နယ် အတွင်းရှိ ကျောက်မျက်ရတနာနှင့် ရွှေလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများအား အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနရုံး၌ ပြုလုပ်သည်။ **(အောက်ယာပုံ)**

ထိုသို့ ရှင်းလင်းဆွေးနွေးရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ကဏ္ဍတစ်ရပ်ချင်းအလိုက် အခွန်ထမ်းမှတ်ပုံတင်ခြင်း၊ အခွန်ကြေညာလွှာ တင်သွင်းခြင်း၊ အခွန်ပေးဆောင်ခြင်းနှင့် အခွန်စည်းကြပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွန်ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်းနှင့် ဒဏ်တပ်ရိုက်နှိပ်မှုဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးဟောပြောခဲ့သည်။ ထို့အပြင် လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးသည့် အစိုးရဌာနများမှ ညွှန်ကြားဆောင်ရွက်စေလျက်ရှိသော ငွေရပြေစာပုံစံကဲ့သို့သော ကိစ္စများ၊ AML/CFT ဘာသာဆိုင်ရာ STRs နှင့် TTRs ပေးပို့ခြင်းကိစ္စများ စသည့်ဆက်စပ်ဌာနများ၏ သိကောင်းစရာများကို ဖြည့်စွက်ဆွေးနွေး ဟောပြောရာ မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဝင်များနှင့် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်သူစုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ။**

---

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေ လုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင် ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိ အမှတ်ပြုထားသည့်အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**







## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ ပူတာအို၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ တီးတိန်၊ မော်လမြိုင်၊ တောင်ကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ သန်လျင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ပဲခူး၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်၊ နေပြည်တော်နှင့် ဂျပန်-မြန်မာအောင်ဆန်းသက် မွေးပညာသင်တန်းကျောင်း (Japan – Myanmar Aung San Vocational Training Institute) စုစုပေါင်း (၃၂)ကျောင်းတို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသား များကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့ လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများပါဝင်သော မည်သည့် ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်း ရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)

(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၂)၊ ပူတာအို၊ ဘားအံ၊ တီးတိန်၊ တောင်ကြီး၊ သန်လျင်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပဲခူး၊ ထားဝယ်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်းမပါဝင်ပါ)

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ(အပိုဒ်(၁)ပါကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)

(ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာ သင်တန်းကျောင်း မပါဝင်ပါ)

(င) သုတနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မကွေး၊ အင်းစိန်၊ နေပြည်တော်၊ ကန့်ဘလူ၊ မော်လမြိုင်))

(စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ (အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ ပြင်ဦးလွင်))

(ဆ) စက်မှုလယ်ယာနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်၊ ဝါးခယ်မ၊ ကျိုက်လတ်))

(ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း))

(ဈ) စက်မှုလုပ်ငန်းဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာ(ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်း ကျောင်း)

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက B.Tech နှင့် BE သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁-၁၁-၂၀၂၅ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၁-၂၀၂၅ ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ် စာရင်း (မူရင်း)။

(ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား(မိတ္တူ)။

(င) ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရာဒေသ သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။

(စ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ဃ/၇၅၃၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၂၅)၊ ၁၀၆x၁၀၇ကြား၊ ၄၉x၅၀ လမ်းကြားရှိတောဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ဇောလင်း၏ (SPရရှိသူ ဒေါ်လီဟွေလန့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၄၇၅/၂၀၂၂) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စိန်ကြည်မျှင် ၁၃/ကခန(နိုင်)၀၉၀၆၅၆ ကတောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၃၂၂၆/၂၀၂၅-၂၀၂၆ ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

တာမိုးညိစာပေတိုက်မှ ထုတ်ဝေခဲ့သော တာမိုးညိသီဟလွင် စီစဉ်ပူဇော်ပြီး တင်အောင်ထွန်း(သုတေသန) ရေးသားသည့် "ဗုဒ္ဓသာသနာထွန်းလင်းဖြာစာအုပ်" နှင့် မြနှင်းဆီ (MraHninzi) ရေးသားသည့် "Myanmar Postage Stamps" စာအုပ်တို့သည် ၂၀၂၄ ခုနှစ်အတွက် "အမျိုးသားစာပေဆု" ကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့ကြောင်း ကြားသိရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

**တာမိုးညိစာပေတိုက်**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

မုန်းဝန်းဇမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဖြစ်သူ ဦးသီဟလွင် (တာမိုးညိသီဟလွင်)သည် ၂၀၂၄ ခုနှစ်အတွက် ချီးမြှင့်သော အမျိုးသားစာပေဆု သုတပဒေသာ (ဝိဇ္ဇာ)ဆုကို "အထူးဆု" အနေဖြင့် ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

**မုန်းဝန်းဇမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

TMH Telecom Public Co., Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးသီဟလွင် (တာမိုးညိသီဟလွင်) သည် ၂၀၂၄ ခုနှစ်အတွက်ချီးမြှင့်သော အမျိုးသားစာပေဆု သုတပဒေသာ(ဝိဇ္ဇာ)ဆုကို "အထူးဆု" အနေဖြင့် ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

**TMH Telecom Public Co., Ltd**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

Tah Moe Hnye Chan Thar Group of Companies ၏ Deputy Managing Director ဖြစ်သူ ဦးသီဟလွင် (တာမိုးညိသီဟလွင်) သည် ၂၀၂၄ ခုနှစ်အတွက်ချီးမြှင့်သော အမျိုးသားစာပေဆု သုတပဒေသာ(ဝိဇ္ဇာ) ဆုကို "အထူးဆု" အနေဖြင့် ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

**Tah Moe Hnye Chan Thar Group of Companies**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

တာမိုးညိဒေသမှ ဦးသီဟလွင်သည် သုတပဒေသာ (ဝိဇ္ဇာ)ဆုဖြင့် အမျိုးသားစာပေဆုကို ဆွတ်ခူးရရှိခြင်းအတွက် အထူးဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူအပ်ပါသည်။

**အလင်္ကာကျော်စွာ၊ မဟာသဒ္ဓမ္မဇောတိကဓဇ**
**စင်ရော်မောင်မောင်**

### ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၀)ရပ်ကွက်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ကျန်စစ်သားလမ်း၊ တိုက် B-3 /၀၀၁။ (မြေညီထပ်) တိုက်ခန်းအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်သီတာကျော်(၇/ဖမန(နိုင်) ၀၁၇၉၇၀)မှ ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်ယုယုနွယ်(၁၂/ဒဂတ(နိုင်)၀၂၄၈၁၇)မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ ကြောင်းကြေညာအပ်ပါသည်။

ဒေါ်ယုယုနွယ်၏ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P.LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)
ရုံး-(၃၀၄)၊ခေမာသီလမ်း၊(ဃ)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉ ၅၄၀ ၇၂၂၉

### ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၃)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၉/ခဲလယ်မြောက်)၊ ဦးပိုင်အမှတ်(၁၈-က)၊ မြေယာအမှတ်(64-A)၊ မြေဧရိယာ(၁ဒသမ၀၃၇)ဧက(လက်ရှိမြေပေါ်ရှိ အတိုင်းအတာ)မြေနှင့်နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြမြအေး ၅/မရန(နိုင်)၀၈၉၅၄၄ထံမှ ဦးကျော်ဆွေဦး ၉/မရတ(နိုင်)၁၀၄၂၄၄က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးကျော်ဆွေဦး | ဦးနေမျိုးဇော်(LL.B,D.B.L) |
| ၉/မရတ(နိုင်)၁၀၄၂၄၄ | တရားလွှတ်တော်ရှေ့နေ |
| | ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့ |

### အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်အမှုသည်ဖြစ်သော ဒေါ်နေခြည်နုဝေ(၁၀/သထန(နိုင်)၃၁၉၇၆၆) နောင်ကုလားကုန်းထိပ်ပိုင်း၊ သထုံမြို့နယ်၊ မွန်ပြည်နယ်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည်နှင့်ပတ်သက်၍ လူမှုရေးနယ်ပယ်တွင် မလိုလားသူများမှ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ ဝေဖန်ပြောဆိုခြင်း၊ ရေးသားဖော်ပြခြင်းများရှိနေကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။ ထိုကဲ့သို့ ဝေဖန်ပြောဆိုမှုများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောဆိုရန် မလိုအပ်ပါသော်လည်း ကျွန်ုပ်အမှုသည်အပေါ်တွင် လူမှုရေး၊ စီးပွားရေး၊ ဂုဏ်သိက္ခာကျဆင်းစေရန် ပြောဆိုမှုများနှင့်ပတ်သက်၍ ထပ်မံဆောင်ရွက်ခြင်းမပြုရန် ကျွန်ုပ်မှ တားမြစ်အပ်ပါသည်။

၄င်းအပြင် ကျွန်ုပ်အမှုသည်နှင့်ပတ်သက်၍ လူမှုရေး၊ စီးပွားရေး၊ ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်ပြီး Social Media များဖြစ်သည့် Facebook, Telegram, Tiktok စသည့် လူမှုကွန်ရက်များတွင် ဖော်ပြခြင်း၊ ရေးသားခြင်းများ၊ ဝေဖန်တိုက်ခိုက်မှုများ မပြုလုပ်စေရန် ကျွန်ုပ်မှထပ်လောင်းအသိပေး ကြေညာအပ်ပါသည်။

အထက်တွင် ဖော်ပြထားသည့်ကိစ္စရပ်များကို အများသိစေရန် အသိပေးကြေညာပါလျက် ဆက်လက်ဆောင်ရွက်မည်ဆိုပါက ထိုသို့လုပ်ဆောင်မှုများပေါ်တွင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန္တာမြင့် အထက်တန်းရှေ့နေ(စဉ်-၅၀၈၃၄)(၂၆-၃-၂၀၁၉)
ကွန်ပျူတာတက္ကသိုလ်ရှေ့၊ ဂေါ့ကျေးရွာ၊ သထုံမြို့
Phone: 09-661324795

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (တိုးချဲ့ ပေါက်တော)၊ မြေကွက်အမှတ်(၁၃/က)၊ မြေဧရိယာ(၀ဒသမ၀၇၁)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၃/က၊ ပိတောက်လမ်း၊ မြို့သစ်(ဂ)ရပ်ကွက် အင်းစိန်မြို့နယ်ဟု ခေါ်ဆိုသော မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်နှင်းယုထံမှ (၁၅-၁၀-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်အရဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကြူကြူနွေ(ဘ)ဦးစိန်သောင်း ၈/မမန(နိုင်)၁၄၃၁၇၈ အမှတ်(၁၈)၊ မစိုးရိမ်လမ်းနှင့် ဂရုဏာလမ်းထောင့်(အေးသာယာ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေသူထံမှ ဝယ်ယူရန်စရန် ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL) | ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၂၅၄၄၈၈၃၃၀ |

အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### မွေးသက္ကရာဇ်အမှန်

ပဲခူးမြို့နယ်၊ ပျဉ်ပုံကြီး ကျေးရွာနေ (ဘ)ဦးကိုမင်း-(မိ)ဒေါ်ခင်သန်းနွယ်တို့၏သား မောင်သူရနိုင် ၇/ပခန(နိုင်)၅၄၄၂၆၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၉-၂၀၀၆ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁/၂)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ် (4-B)၊ အခန်းအမှတ် (၁၇၀၇) (၁၇လွှာ)၊ အကျယ်အဝန်း (၆၀၀ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယဉ်နှင်းခန့် (၁၂/တမန (နိုင်) ၁၁၃၆၈၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မိုးမခ(၆)လမ်း၊ မြေကွက်အမှတ် (၁၀၂၈)၊ အကျယ်အဝန်း (၄၂ပေ × ၆၀ပေ)ရှိ ဦးခင်မောင်သန်း (၁၂/တမန (နိုင်) ၀၀၅၇၃၅) (2/ MHA- ၀၀၄၆၀၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အနက်မှတရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၁၀၂၉)နှင့်ကပ်လျက် (၂၄ပေ × ၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးဝင်းထွန်းခိုင် (၁၂/သခန (နိုင်) ၁၀၀၈၃၀) နှင့် ဒေါ်စိုးသီရိဆွေ (၁၂/သခန (နိုင်) ၀၉၈၈၉၄)တို့ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးကျော်စိုးဦး |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

### မွေးသက္ကရာဇ်အမှန်

ဒိုက်ဦးမြို့နယ်၊ ဘိုတဲလေး ကျေးရွာနေ (ဘ)ဦးမင်းခန့်-(မိ)ဒေါ်စိုးစိုးသက် တို့၏သား မောင်ချစ်ရင်ထူး ၇/ဒဥန(နိုင်) ၂၅၃၈၂၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၅-၂၀၀၇ ဖြစ်ပါကြောင်း။

၄-၅-၂၀၀၇

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ ဇုန် (City Loft)၊ တိုက်အမှတ် (CL 10)၊ အခန်းအမှတ်(၂၁၅)၊ အခန်းအမျိုးအစား (အိပ်ခန်း ၁ခန်း)၊ အကျယ်အဝန်း ဧရိယာ(၄၈၄)စတုရန်းပေ ရှိသော(အကြမ်းထည်) တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက် ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစိုင်းသီဟဘို ၁၂/လမတ(နိုင်)၀၃၃၅၇၉၊ ဒေါ်ဝင့်ဖြူဖြူဇော် ၁၃/ကလန(နိုင်)၀၈၃၇၄၂ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်ဝါဝါ သန်း ၁၂/အလန(နိုင်)၀၃၅၁၉၇ နှင့် ဒေါ်သီတာသန်း ၁၂/အလန(နိုင်)၀၃၅၇၉၇ တို့မှ စရန်ငွေတစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ခိုင်လုံသော စာချုပ်စာတမ်း များနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါသန်း** — ၁၂/အလန(နိုင်)၀၃၅၁၉၇

**ဒေါ်သီတာသန်း** — ၁၂/အလန(နိုင်)၀၃၅၇၉၇ — ဖုန်း-၀၉-၅၀၀၉၅၂၈

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 82W/14466 Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘို ၈/စလန(နိုင်)၀၉၉၆၂၇ က (ကမ-၃)ပျောက်မိတ္တူလျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အမှတ်(၇၇)၊ Infinity Condominium Tower(A), Unit No–A–17–01, 17–floor Unit Type–(3) BR အကျယ်အဝန်း(၁၆၈၁) စတုရန်းပေ၊ Car Parking(၁)နေရာစာတို့အား တိုက်ခန်းနေထိုင်ခွင့်စာအုပ်တွင် အမည်ပေါက်သူ MARCUS MAUNG LWIN (ဘ) ဦးသိန်းအောင် PR NUMBER–15Pe00051 အမှတ်(၁၈)၊ ဂုဏ်မြင့်ရိပ်သာ၊ ပြည်လမ်း၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိ ပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆**
**ဖုန်း -၀၉-၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ (H.G.P.LL.B.D.M.L)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅**
**ဖုန်း -၀၉-၂၅၄၄၈၈၃၃၀**

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဖယ/၃၆၆၆၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/36667, Yamaha Tricker 250 ယာဉ်လက်ဝယ် ရှိသူ ဦးမင်းခန့်ဇော် ၉/ကဆန(နိုင်)၁၉၂၀၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပျော်ဘွယ်မြို့နယ် တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၇၁

| | | |
|---|---|---|
| မသူဇာလင်း | နှင့် | မအေးအေးခိုင် |
| **တရားလို** | | **တရားပြိုင်** |

မအေးအေးခိုင်(ဘ)ဦးပေါက်စ၊ ရွှေပြည်ရန်အောင်ရပ်ကွက်နေသူ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အလီလီချေးငွေ (၂၅၄) သိန်းကျပ် ရလို ကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပျော်ဘွယ်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 57W/92288 Dayang 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဦး ၈/မကန(နိုင်)၁၄၈၃၄၆ က (ကမ-၃)ပျောက်မိတ္တူလျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ/၁၃)၊ လူနေရပ်ကွက်အမှတ်(၁၆)၊ ဦးပုညလမ်း၊ မြေကွက်အမှတ် (၁၀၂၉-ခ) ဟုခေါ်တွင်သော အလျား(၂၀)ပေ x အနံ(၆၀)ပေ၊ ဧရိယာ(၁၂၀၀) စတုရန်းပေ၊ ၀ ဒသမ ၀၂၇ဧကေ အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ မြေချပါမစ်အမည်ပေါက်ဦးခေါ်တော(ခ) တင်ထွန်းထံမှတဆင့် ကတိစာချုပ် အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဦးဇော်ဇော်အောင် ၁၄/ဇလန (နိုင်)၀၉၇၇၂၉မှ ဝန်ခံကတိ ပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနောင်လတ်အောင် (LL.B) (စဉ်-၅၀၅၉၁)**
**အထက်တန်းရှေ့နေ**
**အမှတ်-၁၇၁(ခ)၊ ရွာဝတီပတ်လမ်း၊ (၆/၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့**
**ဖုန်း-၀၉-၇၆၆၉၉၄၇၅၉**

## တစ်ဦးတည်းဖြစ်ကြောင်း

ကော့ကရိတ်မြို့၊ အထက (တောင်ပေါ်ရပ်) ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်အေး အေးစိုး(ခ)မအဇီတာ ၃/ကကရ (နိုင်)၀၆၁၂၉၇ မှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/7374 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး သွားပါ၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တော်ဝင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ လူနေရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ် (၂၈၃) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား၄၀ပေx အနံ၆၀ပေ)ရှိ ဦးရဲသိန်း (S/OKA_၀၄၆၂၄၅)အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်ကြီး ထဲမှ တရားဝင် မခွဲစိတ်ရသေးသည့် ခေါင်းရင်းဘက်ခြမ်း၊ လမ်းမှမျက်နှာမူလျှင်- ညာ၊ အကျယ်အဝန်း (အလျား၂၀ပေxအနံ၆၀ပေ)ရှိ ပါမစ်မူရင်းဘက်ခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင် အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးစိုးမိုးမြင့် ၁၂/မရက(နိုင်)၁၁၁၃၂၆ က ဝယ်ယူပိုင်ဆိုင်အကျိုးခံစားရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးအောင်မြင့်သူ(ခ)ဦးမင်းသက္က ၉/ညဥန (နိုင်)၂၀၈၃၇၇ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေ ထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာ ပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ နှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးအောင်မြင့်သူ (ခ) ဦးမင်းသက္က**
**၉/ညဥန(နိုင်)၂၀၈၃၇၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသူဇာအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၄၃)**
**အမှတ်၇၇၊ ဦးပုညလမ်းနှင့်ဗိုလ်ကြာညွန့် လမ်းထောင့်၊(၃၂)ရပ်ကွက်၊ဒဂုံမြို့ သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဖုန်း-၀၉-၄၂၄၅၉၆၈၃၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၅

| | | |
|---|---|---|
| ဦးကျော်မင်းမင်းလွင် | နှင့် | ဒေါ်နော်ဂျက်စမင်းဘတင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁/တိုးချဲ့)၊ မြေကွက်အမှတ်-၄၃၇ နေ ဒေါ်နော်ဂျက်စမင်းဘတင် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၁၂ အရ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှု လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှု မဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၄

| | | |
|---|---|---|
| ၁။ ဒေါ်စန်းယုဝေ<br>၂။ ဒေါ်ခင်လေးဝေ | နှင့် | ဒေါ်ဆွေဆွေဝင်း |
| **တရားလိုများ** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ ငထွေရူးလမ်း၊ မြေကွက်အမှတ်-(၆/ခ)နေ ဒေါ်ဆွေဆွေဝင်း (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၁၂အရ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၇ ရက်၊ (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာ အတွင်းရှိ သန်လျင်ရိပ်မွန်အိမ်ရာ၊ City loft Condo၊ တိုက်အမှတ်(CL–10)၊ အခန်းအမှတ်(413)၊ အခန်းအမျိုးအစား 1Bedroom အကျယ်အဝန်း ဧရိယာ (484)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းတွင်းပါရှိသော လျှပ်စစ် ပစ္စည်းများ၊ ပရိဘောဂများ တိုက်ခန်းတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဦးနေဝင်း ၁၂/ပဘတ(ဧည့်) ၀၀၀၇၅၇ ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်ရွှေယမင်းဦး ၁၂/စခန(နိုင်)၀၇၃၃၇၅ မှ စရန်ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားပါမည်။

**ဒေါ်ရွှေယမင်းဦး**
**ဖုန်း-၀၉-၉၈၃၅၉၆၀၅၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက် ၊ (၂၀)လမ်း ၊ အမှတ် (၂၀၀) နေ ဒေါ်မြသင်း (ဘ) ဦးကောက်ကောက် ၇/ ပခန(နိုင်) ၁၉၃၄၃၅၏ လွှဲအပ် ညွှန်ကြားချက်အရအောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြသင်း (ဘ) ဦးကောက်ကောက် ၇/ပခန (နိုင်)၁၉၃၄၃၅သည် ပဲခူးတိုင်းဒေသကြီး ၊ အင်းတကော်မြို့၊ ရပ်ကွက်ကြီး(၃)၊ ဆရာကြွယ်လမ်း၊ ဦးပိုင်အမှတ် ၄၁/၃ က ၊ ကွင်းအမှတ် (၁၁၉၁)ရှိမျက်နှာ၀ (၇၀)၊ ရှေ့နောက်အလျား ၁၅၀ ပေရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အုပ်ကာ ၊ သွပ်မိုးနေအိမ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့မှာမိဘများထံမှ အမွေဝေစုအဖြစ် ခွဲဝေရရှိခဲ့သူ ဒေါ်မြသင်း တစ်ဦး တည်းသာပိုင်ဆိုင်သော နေအိမ်ခြံမြေဖြစ်ပါသည်။ အဆိုပါ နေအိမ်ခြံမြေအား အရှုပ်အရှင်းမရှိဒေါ်မြသင်း တစ်ဦးတည်းသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည် မှာ ယနေ့ချိန်ထိ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ နေအိမ်ခြံမြေနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်မြသင်း မသိရှိဘဲ ရောင်းချခြင်း ၊ ပေါင်နှံခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူခိုင် ( LL.B, LL.M)**
**အထက်တန်းရှေ့နေ ( စဉ် - ၅၀၉၇၇ )**
**အိမ်အမှတ် (၅၇၇) ၊ ရပ်ကွက်ကြီး(၄ ) ၊ အင်းတကော်မြို့ ၊ ပဲခူးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၅၀၀၇၀၉၂၁**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ ပိုးစာ တောရွာ၊ အကွက်အမှတ်(၁၈၆၉) လယ်မြေ (၅)ကေ၊ ယာမြေ (၁၀)ကေ၊ အလျား(၁၀၀)ပေ၊ အနံ (၆၈)ပေရှိ ဝိုင်းခြံမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ် ထားသော (၅ x ၅)ပင်ပတ်လည် ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ ခြေတံရှည် အိမ်(၁)လုံး တို့အား လက်ရှိ ဦးရှမ်း (ဘ) ဦးထွန်းလင်း ၉/တကန(နိုင်)၁၅၉၁၂၈ မှ မိမိတစ်ဦးတည်းပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်ထွန်းနိုင် (ဘ) ဦးရှမ်း ၉/တကန(နိုင်)၁၁၅၂၄၆ နှင့် ဒေါ်ခင်ဆွေဦး (ဘ) ဦးတင်မြင့် ၉/ဥတသ(နိုင်)၀၁၃၄၁၄ တို့မှ ၅-၁-၂၀၂၅ ရက်တွင် အထက်ပါ လယ်(၅)ကေ၊ ယာ(၁၀)ကေ တို့အား ငွေသိန်း(၁၅၀) ဖြင့်လည်းကောင်း၊ (၁၅-၁၀-၂၀၂၅) ရက်တွင် အထက်ပါ အိမ်ဝိုင်းခြံမြေအား ငွေသိန်း(၂၀၀)ဖြင့် လည်းကောင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသဖြင့် အထက်ပါ ဝိုင်းခြံမြေ၊ လယ်ယာမြေများနှင့်ပတ်သက်ပြီး အခြားသူများထံ ရောင်းချ ထားခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းတို့ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်နှင့်အညီဖြစ်ပါသည်။**
**ဦးဇော်ထွန်းနိုင် (ဘ) ဦးရှမ်း**
**၉/တကန (နိုင်)၁၁၅၂၄၆**
**ဒေါ်ခင်ဆွေဦး (ဘ) ဦးတင်မြင့်**
**၉/ဥတသ(နိုင်)၀၁၃၄၁၄**
**ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွေနွေဦး LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၈၂၂၈)**
**ကံဦးရပ်ကွက်၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၄၃၀၁၈၀၇၉**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA–II/ ကွက်ပြင်-၂)၊ ဦးပိုင်အမှတ်(၇၃)၊ မြေဧရိယာ ၀ ဒသမ ၄၆ ဧကရှိမြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊သက်တမ်းတိုး) လျှောက်ထားနိုင်ရေး Mandalar Family Cherry Company Limited အမည်ဖြင့် (ကုမ္ပဏီကိုယ်စား) ဦးဇော်မင်းလတ် ၉/မမန(နိုင်)၀၇၇၂၉၉ မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာ အပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ သံတောင်ကြီး မြို့နယ်၊ သံတောင်မြို့ရပ်ကွက်(၃)မှ နော်ချိုချိုကြီး ၃/သတန(နိုင်) ၀၀၁၃၉၄၏ဖခင် ဦးစောရွှေကြီး(ခ) ဦးရွှေကြီးမှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

## အမည်မှန်

ပြင်ဦးလွင်မြို့၊စာပန်းအိမ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade–12 မှ (ဘ)ဦးစိုင်းသောင်းဝင်းအေး ၉/မနမ (နိုင်)၁၀၀၇၁၉ ၏ သားဖြစ်သူ စိုင်းအောင်ဟိန်းပြည့်၏ အမည်မှန် မှာ မောင်အောင်ဟိန်းပြည့် ဖြစ်ပါ သည်။

**မောင်အောင်ဟိန်းပြည့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁/၇၊ နန္ဒဝန်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(ကျောက္ကာလမ်း၊ ၇-ခ)၊ ဧရိယာ ၀ ဒသမ ၁၇၂ ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် ၃၈ V ၂၀၀၂-၂၀၀၃ အရ ၂၁-၉-၁၉၉၂ မှ ၂၀-၉-၂၀၂၂ ထိ ဒေါက်တာထွန်းထွန်း အမည်ဖြင့်နှစ်(၃၀)မြေငှားစာချုပ်ရရှိထား သောမြေငှားစာချုပ်အား ဒေါ်အေးအေးခိုင် အမည်ဖြင့် မြေငှားစာချုပ်(အမည် ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေး သင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့်ကန့်ကွက်လွှာများကိုဤရုံးသို့ ကြော်ငြာသည့် ၂၄-၁၀-၂၀၂၅ ရက်မှစ၍ တစ်လအတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန် စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး)ခွင့်ပြုမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကန်သာဦးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆၇၈/ ရွာသစ်)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ် (၁၀၇(ဍ))၊ ဧရိယာ ၀ ဒသမ ၂၅၂ ဧကရှိ မြေကွက်အား ဒေါ်ဇင်မာသိမ့်မှ မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် ၂၄-၁၀-၂၀၂၅ ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

❖ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကို အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၉ ရက်နေ့တွင် ပြုလုပ်သော မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် ဈေးရောင်းပွဲတော် ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များသို့ ကြိတ်ကြိတ်တိုးပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် အထူးစည်ကားများပြား

နေပြည်တော် နိုဝင်ဘာ ၂

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို ယနေ့ညနေပိုင်းမှစတင်၍ မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အပြင်ဘက် သတ်မှတ်နေရာများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နေပြည်တော် ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် ကြိတ်ကြိတ်တိုး ပါဝင်ဆင်နွှဲကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် နိုဝင်ဘာ ၂

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသအနီးတွင် ဆက်လက်တည်ရှိနေသည်။

စာမျက်နှာ ၂၆ ကော်လံ ၁ ❖

### ယနေ့ သတင်းအညွှန်း


တရုတ်နှင့် ကုန်သွယ်ရေးသဘောတူညီချက်သည် ကြီးမားသောအောင်ပွဲတစ်ရပ်ဖြစ်သည်ဟု အမေရိကန် ပြောကြား နိုင်ငံတကာသတင်း စာ ၁၄

ရန်ကုန်တိုင်းဒေသကြီး MSMEs တန်ဆောင်တိုင် ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ဆက်လက်ကျင်းပ ပြည်တွင်းသတင်း စာ ၁၅

ဝါသီးနှံတစ်ဧက ပိဿာ ၇၀၀ ထွက်ရှိရေး ပန်းတိုင်ရည်မှန်းချက်ထား ဆောင်ရွက်မည် ပြည်တွင်းသတင်း စာ ၂၆


## လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီ (ဒူးလေးပါတီ)၏ ပြည်သူများသို့ စည်းရုံး ဟောပြောချက်များဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၂

လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

## နော်တင်ဟမ်ဖောရက်စ်ကို သရေကျခဲ့သည့်အတွက် နိုင်ပွဲဆက်မှုမှတ်တမ်း ရပ်တန့်ခဲ့သည့် မန်ယူ

မန်ယူအသင်းသည် နိုဝင်ဘာ ၁ ရက် ညပိုင်းက စီးတီးဂယောင်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် နော်တင်ဟမ်ဖောရက်စ်အသင်းကို သရေကျခဲ့သောကြောင့် နိုင်ပွဲဆက်မှုမှတ်တမ်း ရပ်တန့်ခဲ့ရသည်။ မန်ယူအသင်းသည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ယှဉ်ပြိုင်မကစားမီ ဆန်းဒါးလန်း၊ လီဗာပူး၊ ဘရိုက်တန် စသည့်အသင်းများကို သုံးပွဲဆက် နိုင်ပွဲရရှိထားသည်။

အဆိုပါ ပွဲစဉ်တွင် မန်ယူအသင်းသည် နော်တင်ဟမ်ဖောရက်စ်အသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲကစားချိန် ၈၁ မိနစ်တွင် ရရှိခဲ့သော အာမက်၏ သွင်းဂိုးကြောင့်သာ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။ ယခုနှစ်ရာသီတွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည့် နော်တင်ဟမ်ဖောရက်စ်အသင်းသည် မန်ယူအသင်းကို ပွဲချိန်တစ်လျှောက် အကောင်းဆုံးတုံ့ပြန်ကစားပြီး ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ အကြိမ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၃ ❇



မန်ယူကစားသမား အာမက် နော်တင်ဟမ်အသင်းဘက်သို့ ဒုတိယဂိုး သွင်းယူစဉ်။